ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့(25-11-2008)(၅၈၇၃)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက

## ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



# သဘာဝအလှအပရှုခင်းများဖြင့် အပန်းဖြေနားနေရာ တောင်ပေါ်ပန်းမြို့တော် အမျိုးသားကန်တော်ကြီးဥယျာဉ်

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ**
**တင်မောင်(မန္တလေး)**

**မန္တလေးတိုင်း ပြင်ဦးလွင်မြို့၏ ကျက်သရေဆောင်၊ ကမ္ဘာလှည့်ခရီးသည်များနှင့် တိုင်းရင်းသားပြည်သူတို့ စိတ်ဝင်တစားပျော်ရွှင်စွာ လာရောက်လည်ပတ်အပန်းဖြေနေရာ၊ သုတေသနပြုရာဌာန၊ အထင်ကရ နေရာဒေသတစ်ခုဖြစ်သည့် တောင်ပေါ်ပန်းမြို့တော် အမျိုးသားကန်တော်ကြီး ဥယျာဉ် (ပြင်ဦးလွင်) သည် သာယာလှပသော သဘာဝရှုခင်းများ၊ နေရာအနှံ့ အပြာရောင်ဆီးနှင်းများဖြင့် မှိုင်းရီဝေမှောင် အေးမြသာယာလျက်ရှိသည်။ တစ်နှစ်ပတ်လုံး ပန်းပေါင်းစုံဖူးပွင့်ဝေဆာနေသည့် ဥယျာဉ်ကြီးသို့ ဆောင်းအအေးဒဏ်ကို အမှုမထားနိုင်ဘဲ နိုဝင်ဘာ ၂၀ရက် နံနက်စောစောပိုင်းတွင် သွားရောက်လေ့လာဖြစ်ခဲ့သည်။**

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ကို နိုင်ငံတကာအဆင့်မီ အမျိုးသားကန်တော်ကြီးဥယျာဉ်အဖြစ် အဆင့်မြှင့်တည်ဆောက်ရန်၊ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်၊ ပြည်သူများအပင်လောကနှင့် ပန်းမန်များစိတ်ဝင်စား တန်ဖိုးထားတတ်လာရန်၊ သစ်ပင်သစ်တောများ ထိန်းသိမ်းကာ ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ရုက္ခဗေဒ လေ့လာဆည်းပူးသူများနှင့် သုတေသနပညာဆည်းပူးသူများအတွက် အထောက်အကူဖြစ်စေရန်၊ ရှားပါးပြီး မျိုးသုဉ်းနိုင်သော အပင်မျိုးများစုပေါင်းမျိုးပွားပြီး ရေရှည်တည်တံ့ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် ဖော်ဆောင်ထားခြင်းဖြစ်သည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ဝင်လိုက်သည်နှင့် ပန်းမျိုးစုံတို့ကို အရည်အသွေးတောက်ပစွာဖြင့် တွေ့မြင်ရာ မြင်ရသူအဖို့ စိတ်နှလုံးချမ်းမြေ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်) အတွင်းရှိ မန္တလေးနန်းတော် နန်းမြို့ရိုး ပုံစံတူကို တွေ့ရစဉ်။



ကြေးမုံ The Mirror
၂၅-၁၁-၂၀၀၈
(အင်္ဂါနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နှလုံးနှင့်သွေးကြောရောဂါ ဂရုပြုကာကွယ် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်

အသက်အရွယ်မရွေး လူတိုင်းကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာသော နှလုံးရှိရန် လိုအပ်သည်။ နှလုံးသည် လူ၏ ခန္ဓာကိုယ်တွင် အဓိကအရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ရာ နှလုံးခုန်မှုရပ်သွားသည်နှင့် အခြားအင်္ဂါ အစိတ်အပိုင်းများအားလုံး အလုပ်မလုပ်တော့ဘဲ သေဆုံးသွားမည်ဖြစ်သည်။

နှလုံးရောဂါများ၏ အခြေခံဖြစ်သော သွေးကြောနံရံတွင် အဆီပြင်စုခြင်းသည် ငယ်ရွယ်စဉ်ကစပြီး တဖြည်းဖြည်း ကြီးထွားလာကာ နှစ်ပေါင်းအတော်ကြာမှ ရောဂါလက္ခဏာများ ပေါ်ပေါက်လာတတ်သည်။ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းစသည့် လက္ခဏာများသည်လည်း ဆေးကုသချိန်မရမီ ရုတ်ခြည်းသေဆုံးစေနိုင်သဖြင့် ထိရောက်စွာ ကာကွယ်ကုသသင့်သော ရောဂါများဖြစ်သည်။

လူတိုင်း အသက်အရွယ်ကြီးရင့်လာသောအခါ နှလုံးသည် အိုမင်းရင့်ရော်လာပြီး နှလုံးသွေးကြောကျဉ်းရောဂါ ရလာနိုင်သဖြင့် စနစ်တကျ နေထိုင်စားသောက်ကြရန် လိုအပ်သည်။ အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်ရက်လျှင် နာရီဝက်ခန့်လမ်းလျှောက်ခြင်းနှင့် ဟင်းသီးဟင်းရွက် များစွာပါဝင်သော အစားအစာများကို စားသောက်ကြခြင်းဖြင့် ကျန်းမာရေးအကျိုးသက်ရောက်မှု ရရှိစေမည်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ နေ့စဉ်ပုံမှန်ပြုလုပ်ခြင်းကြောင့် ကိုယ်အလေးချိန် အသင့်အတင့် ကျဆင်းစေပြီး နှလုံးသွေးကြောရောဂါ ဖြစ်ပွားစေသည့်သွေးပေါင်ချိန်များခြင်း၊ သွေးတွင်းအဆီဓာတ်နှင့် အချိုဓာတ်များခြင်းတို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ တစ်ဖက်မှလည်း ငန်လွန်း၊ ချိုလွန်းပြီး ပြည့်ဝဆီများပြားသော အစားအသောက်များကိုရှောင်ကြဉ်၍ အဆီမပါသော သား၊ ငါး၊ ပဲနှင့် ပဲတောင့်ရှည်များ၊ ဟင်းရွက်ဆီနှင့်အသီးအနှံများကို ပိုမိုစားသုံးကြရန် လိုအပ်မည်ဖြစ်သည်။

ထို့အပြင် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်းနှင့် ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းတို့သည် ရုတ်တရက် နှလုံးသွေးကြောပိတ်ဆို့ခြင်း (Heart Attack) ဖြစ်ပွားစေသော အဓိကအကြောင်းရင်းများဖြစ်သည်ဟု သိပ္ပံပညာရှင်များက လက်ခံထားကြသည်။

ပြည်သူများ နှလုံးသွေးကြောရောဂါ မဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းကာကွယ်နိုင်ရန် ပညာပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားရှိသည်နှင့်အညီ လူတိုင်းလူတိုင်း ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စနစ်တကျ ချင့်ချိန်စားသောက်ကြခြင်းတို့ဖြင့် နှလုံးနှင့်သွေးကြောရောဂါဖြစ်ပွားခြင်းမှ ကင်းဝေးကြမည်ဖြစ်ပါသည်။ ။





**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၄

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ရန်ကုန်တိုင်းနှင့် မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်နိုင်မှု၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နိုင်မှု၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်စိန်မှန်လမ်း တစ်လျှောက်၌ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေးပညာပေးဟောပြောနေမှု၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဆောင်ရွက်မှု၊ ခြင်ဆေးဖျန်းစက်လေးလုံး အသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်းနေမှု၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။**

ထို့မှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆) ရပ်ကွက်၊အောင်ဇေယျအိမ်ရာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်နိုင်မှု၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြား၍ အောင်ဇေယျအိမ်ရာဝင်းအတွင်း ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှု လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်လေးလုံးအသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်းနေမှု၊ ကျန်းမာရေးပညာပေး ဟောပြောနေမှု၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အထက(၃)အင်းစိန် အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၄**

အထက(၃) အင်းစိန် ယခင်အောင်ဆန်းကျောင်း၌ ၁၉၅၄ခုနှစ်မှ၂၀၀၈ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဒီဇင်ဘာ ၂၁ ရက် (တနင်္ဂနွေ)နေ့ နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ဆဋ္ဌမအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးစန်းမောင် ဖုန်း-၆၆၀၅၄၅၊ ဦးသောင်းဌေး ဖုန်း-၀၉၅၁၇၉၈၂၈၊ ဒေါ်ခင်မြဦး ဖုန်း-၆၄၀၄၅၂၊ ဒေါ်ရွှေဇင် ဖုန်း-၀၉ ၅၆၆၂၀၂၉(ရုံးချိန်)၊ ဦးငွေစိုး-ဒေါ်ဌေးဌေးဝင်းဖုန်း-၀၉၅၀၆၇၅၅၄၊ ဒေါ်အေးအေးမော် ဖုန်း-၆၄၀၄၅၂ (ရုံးချိန်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ (၅၄၁)

# ဆေးဝါးထုတ်လုပ်သူများတွေ့ဆုံပွဲနှင့် ရန်ပုံငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့နှင့် မြောက်ဥက္ကလာပမြို့နယ် တိုင်းရင်းဆေးဆရာ အသင်းဝင်များ၊ ဆေးဝါးထုတ်လုပ်သူများတွေ့ဆုံပွဲနှင့် ရန်ပုံငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၆ရက်က မြို့နယ်တိုင်းရင်းဆေးပေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ သမားတော်ကြီး ဦးမောင်ညဏ်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က မြို့နယ် တိုင်းရင်းဆေးဆရာအသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဆရာကြီး ပုပ္ပားဆရာကျော်က အကြံပြုဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ရန်ပုံငွေအတွက်ဆရာမြင့် (စကြာမင်းတိုင်းရင်းဆေးတိုက်) မိသားစုက ငွေကျပ်၁၀သိန်း**(ယာပုံ)**၊ ဆရာမိုး(မုံရွာဆရာမိုးဆေးတိုက်) မိသားစုက ငွေကျပ်၁၀သိန်း၊ ဦးကျော်မြင့်(စစဆေးတိုက်)က ငွေကျပ်တစ်သိန်း၊ ဦးစိုးတင့်(အလင်းရောင်ဆေးတိုက်)ကငွေကျပ်တစ်သိန်း၊ ဦးအုန်းလှိုင် (စိန်ငါးလုံးဆေးတိုက်) က ငွေကျပ်ငါးသောင်း၊ ဒေါ်တင်တင်အောင်(ဟိန်းထက်အောင်ဆေးတိုက်)က ငွေကျပ်ငါးသောင်း၊ ပုသိမ်ဆရာကြည်မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးကိုကိုကြီး (သားမင်းဆေးတိုက်)က ငွေကျပ်နှစ်သောင်း၊




ဦးကျော်လင်းနှင့်ဒေါ်မာလာမြင့်(နေလဝိဇ္ဇာဆေးတိုက်)ကငွေကျပ်နှစ်သောင်း၊ ဦးသောင်းစိန် (ပွင့်လန်းဆေးတိုက်)က ငွေကျပ်တစ်သောင်း၊ ဒေါ်စန်းစန်းအေး (တန်ခိုးရှင်ဆေးတိုက်)က ငွေကျပ်တစ်သောင်း၊ဦးဇော်လင်း(ကြယ်စင်ထွန်းဆေးတိုက်)ကငွေကျပ်တစ်သောင်း၊ ပုပ္ပားဆရာကျော် မိသားစုကငွေကျပ်တစ်သောင်း၊ ဦးငွေမောင်မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးတင့်လွင်မိသားစုကငွေကျပ်တစ်သောင်း၊ ဦးလှစိန် (ဇီဝသိဒ္ဓိဆေးတိုက်)က ငွေကျပ်တစ်သောင်း၊ ဒေါ်သန်းညွန့်စိန်မိသားစုကငွေကျပ်တစ်သောင်းတို့က အသီးသီးပေးအပ်ရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (၆၇)

# အာရှဘောလုံးအဖွဲ့ချုပ် အစည်းအဝေးတက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် (AFC) နှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်အစည်းအဝေးတို့သို့ တက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် သည် နိုဝင်ဘာ ၂၂ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

အာရှဘောလုံးအဖွဲ့ချုပ် (AFC) အမှုဆောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် ဖူဆယ်ကော်မတီ အစည်းအဝေး၊ ၂၅ ရက်တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးနှင့် ငွေကြေးဈေးကွက်ဆိုင်ရာကော်မတီ အစည်းအဝေး၊ ၂၆ ရက်တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးတို့သို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

**✻ ရှေ့ဖုံးမှ**

ပျော်ရွှင်သွားသည်။ ဆောင်း၏ အေးမြသောနှင်းဖွေးဖွေးအောက်တွင် ရွှန်းစိုလှပစွာ ဖူးပွင့်နေကြသော ရောင်စုံပန်းခင်းကြီးမှာလည်း တစ်မျှော် တစ်ခေါ် ရှုမဆုံးအောင် မြင်တွေ့ရသည်။ ပန်းမျိုးစုံဖြင့် အလှဆင်ထားသော ရေပန်းအလှအပများနှင့် သဘာဝရှုခင်း၊ ပန်းအလှရှုခင်းများအနီးတွင် ဓာတ်ပုံအလှရိုက်သူများ၊ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့အပြင် အဆင့်မြင့်သစ်ခွ ဥယျာဉ်ကြီးကို ၂၀၀၇ခုနှစ်က ဖွင့်လှစ်ခဲ့ရာ အများပြည်သူများ ပြည်တွင်း၊ ပြည်ပ သစ်ခွများနှင့် ပတ်သက်၍ စိုက်ပျိုးထားရှိမှုကို လေ့လာကြည့်ရှုခံစားရသည်။ ကမ္ဘာလှည့် ခရီးသည်များအတွက် သဘာဝသစ်ခွ လေ့လာရာဌာနကြီးတစ်ခု ဖြစ်လာသည်။ ထို့အပြင် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရလာသည့် သစ်ခွများအား ကာကွယ်ထိန်းသိမ်းမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါပြည်နယ်နှင့်တိုင်းများမှပြည်တွင်း သစ်ခွမျိုးစိတ် ၃၀၀ကျော်ခန့်နှင့် ပြည်ပစပ်မျိုး သစ်ခွများဖြစ်သော Cymbidium၊ Cattleya၊ Phalaenopsis၊ Dendrabium၊ Vanda၊ Oneidum များနှင့် ပြည်ပမှ တကူးတက မှာယူတင်သွင်းပြသ ရှားပါးသစ်ခွများကိုလည်း အောင်မြင်စွာ စိုက်ပျိုး၍ ဒီဇိုင်းပုံဆန်းများ ပြုလုပ်ပြီး ဝေဝေဆာဆာပြသထားကြောင်း တွေ့ရှိရသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် အတွင်းရှားပါးတိရစ္ဆာန်နှင့်ပြည်တွင်း၊ ပြည်ပငှက်မျိုးများအဖြစ် သားမင်းလေးကောင်၊သဘာဝကျေးငှက်များကိုလည်း လေ့လာခွင့် ကြုံတွေ့ရသည်။

အဆိုပါ အမျိုးသားကန်တော်ကြီး ဥယျာဉ်ကြီးတွင် ပြည်နယ်နှင့်တိုင်းများအလိုက် ပေါက်ရောက်တတ်သည့် သဘာဝ ပေါက်ပင်များကိုလည်းစိုက်ပျိုးပြသထားရာပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများအတွက် ရုက္ခဗေဒဗဟုသုတများလည်းတိုးပွားရှာဖွေနိုင်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် အတွင်း ကျောက်တောင်ပုံ ဥယျာဉ် အဝင်ဝတွင်ရှားပါးသောကျောက်ဖြစ်ရုပ်ကြွင်း၊အင်ကြင်းကျောက်တိုင်ကြီးနှစ်တိုင် စိုက်ထူကာ ပေအရှည် ၆၂၀ရှိလျှောက်လမ်းအတိုင်းကျောက်ကပ်ပန်းများ၊ အပင်များ၏ အလှကိုကြည့်ရှုခံစားနိုင်မည့်အပြင် ဥယျာဉ်အတွင်းသဘာဝရေထွက်ရွှံ့ညွန်တောတွင် လူသွားစကြံလမ်းအတိုင်း သဘာဝပေါက်ပင်ကြီးများ၊ နွယ်ပင်များ၊ ဆေးဖက်ဝင်အပင်များနှင့် ရွှံ့ညွန်များကို တွေ့မြင်နိုင်ကြမည်



**အမျိုးသားအထိမ်းအမှတ် ဥယျာဉ်မှ ရန်ကုန်မြို့တော် ခန်းမပုံစံတူ။**

ဖြစ်သကဲ့သို့တောတွင်းသစ်သားတံတားပေါ်မှသဘာဝရှုခင်း၊သဘာဝပေါက်ပင်ကြီးများ၊ ကျေးငှက်များနှင့် ဆေးဖက်ဝင် အပင်များကို သဘာဝအတိုင်း လေ့လာတွေ့မြင်နိုင်ကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ ဝါးမျိုးများအားစုစည်း၍ ဝါးစိုက်ကွက် (၁)နှင့် (၂)တို့ဖြင့် ဝါးဥယျာဉ်အဖြစ် စိတ်ဝင်စားဖွယ် ပြသထားသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင်လည်း တစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့်တိုင်းအလိုက် အထင်ကရ အထိမ်းအမှတ်များဖြစ်သည့် မန္တလေးတိုင်း၏ မြနန်းစံကျော်ရွှေနန်းတော်ကျုံးမြို့ရိုး၊ မွန်ပြည်နယ် ကြည်ညိုသပ္ပာယ်ဖွယ်ရာ ကောင်းသည့် ကျိုက်ထီးရိုးစေတီတော်၊ ရခိုင်ပြည်နယ်မှ လူသိများသည့် သျှစ်သောင်းပုထိုးတော်များ၊ ရန်ကုန်တိုင်းမှ ရွှေတိဂုံစေတီတော်နှင့် မြို့တော်ခန်းမ၊ကချင်ပြည်နယ်ကျက်သရေဆောင် ခါကာဘိုရာဇီတောင်၊ ကယားပြည်နယ်၏အထင်ကရရှိသောတောင်ကွဲစေတီ၊ကရင်ပြည်နယ်၏ကျော်ကြားလှသည့် ဇွဲကပင်တောင်၊ ချင်းပြည်နယ်၏ ဂုဏ်ဆောင်ရိဒ်ရေကန်၊ စစ်ကိုင်းတိုင်း၏ကြည်ညိုဖွယ်ရာကောင်းမှုတော်စေတီ၊ တနင်္သာရီတိုင်းမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေသည့်ဘုရင့်နောင်အငူ၊ ပဲခူးတိုင်း၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်၊ မကွေးတိုင်း၏ သဘာဝရေနံမြေ၊ ရှမ်းပြည်နယ်မှ အင်းလေးကန်နှင့်ဖောင်တော်ဦးဘုရား၊ ဂုတ်ထိပ်တံတား၊ ဧရာဝတီတိုင်းမှ ချောင်းသာကမ်းခြေအလှနှင့် မော်တင်စွန်းဘုရား အစရှိသည့် နိုင်ငံတကာအဆင့်မီ National Landmarks Garden ကို ခမ်းနားဂုဏ်ယူစွာ တွေ့မြင်ကြရမည်ဖြစ်သည်။

ပင်လယ် ရေမျက်နှာပြင် အထက် ၃၆၀၅ပေ၌ တည်ရှိသော အမျိုးသားကန်တော်ကြီးဥယျာဉ်ကြီးသည် ယခုနှစ်ဆိုလျှင် စိန်ရတု ကို ကျော်လွန်၍ (၇၇)နှစ်ပြည့် မြောက်မည်ဖြစ်ရာ ၂၀၀၆-၂၀၀၇ခုနှစ်များတွင် စိန်ရတုပွဲတော်နှင့် (၇၆)နှစ်ပြည့် မွေးနေ့၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပန်းပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း အမျိုးသား ကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) (၇၇)နှစ်ပြည့်မွေးနေ့ တတိယအကြိမ် ပန်းပွဲတော်တို့ကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ ။

သို့ဖြစ်ရာ မကြာမီ ကျင်းပတော့မည့်အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) (၇၇)နှစ်ပြည့် မွေးနေ့နှင့် တတိယအကြိမ် ပန်းပွဲတော်သို့ ကမ္ဘာလှည့်ခရီးသွားများ၊တိုင်းရင်းသားပြည်သူများအနေဖြင့်သဘာဝအလှအပရှုခင်းများ၊ ဖျော်ဖြေတင်ဆက်မှုများ ကြည့်ရှုခံစားနိုင်ရန်အရောက်လှမ်းခဲ့စေချင်ကြောင်း ကြိုတင်ဖိတ်ခေါ်လိုက်ရပါသည်။



**ပြင်ဦးလွင်အမျိုးသားကန်တော်ကြီး ဥယျာဉ်၏ သဘာဝအလှအပများကို မျက်စိပသာဒဖြစ်ဖွယ် တွေ့မြင်ရစဉ်။**

**ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်ရှိ ကလေးကစားကွင်းကို တွေ့ရစဉ်။**



## ပြည်ခိုင်ဖြိုးစေ အားသစ်ဝေ

☆ **ပြည်**လုံးညီညာ အောင်ကြောင်းဖြာဖို့
မြန်မာတို့တွေ အောင်ဆုဝေကာ
အောင်စေအပေါင်း အောင်ခညောင်းပြီ
အောင်ကြောင်းသက်သေ မြန်မာ့မြေမှာ
အောင်မွေပေးဆက် ကမ်းဆင့်တက်သော်
အောင်လက်များတွေ ခိုင်မာစေ။

☆ **ခိုင်**မာစိတ်ဓာတ် လွန်မြင့်မြတ်လျက်
မတ်မတ်ပိုင်ပိုင် အားသစ်နိုင်စေ
ကြိုင်ဝေထွန်းထူး အောင်လံမြူးသို့
မိုးဦးတိမ်ယံ လွင့်လွင့်ပျံသည်
သံသာကြည်နူး ပြည်တော်ဦးမှာ
ဖူးညွန့်ခက်တွေ ဝေဆာနေ။

☆ **ဖြိုး**ဂုဏ်တက်လျှံ ပြည့်အားမာန်မို့
နိုင်ငံအလုံး တူညီပြုံးလျက်
လက်ရုံးခိုင်မာ **“စိတ်ဓာတ်”**သာ၍
**“စည်းကမ်း”**ပြည့်သော် ချမ်းမြေ့**“ကြံ့ခိုင်”**
ဒို့ရွှေနိုင်ငံ **“စည်းလုံး”**ပိုင်သည်
ပန်းတိုင်တံခွန် မြန်မာပြည်။
လန်းကြိုင်အမွန် ကမ္ဘာ့အတည်။ ။

နေမင်းကိုကို(ရွှေ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၁-၂၀၀၈ (အင်္ဂါနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | “အငှားခန္ဓာအမြတ်ရှာ”တရားတော် ( ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ) |
| ၈း၀၅ - ၂း၀၅ | ယုံကြည်မှုအပြည့်ဖြင့် နိုးထလာသောနံနက်ခင်း |
| ၈း၁၅ - ၂း၁၅ | Sunday Talk |
| ၉း၁၀ - ၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | Ecotourism ဆွဲဆောင်ဖို့သဘာဝကို ထိန်းသိမ်းစို့ “ ဖိုးကျားဆင်စခန်း ” (အပိုင်း-၁) |
| ၉း၄၅ - ၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | တစ်ကွင်းတစ်စပ်မြစ်ရေတင်လုပ်ငန်းများ |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | ဓာတ်ပုံထဲကအမှတ်တရများ (ပြည့်ဖူးခိုင်၏ ဓာတ်ပုံထဲကအမှတ်တရများ) |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | ဖြူးချောင်းတံတား |
| ၁၁း၀၀ - ၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ - ၅း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့ |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | နာတာရှည်ကျောက်ကပ်အလုပ်မလုပ်(သို့)အားနည်းရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး) |
| ၁၂း၀၅ - ၆း၀၅ | Music Gallery (ခင်မောင်တိုး-မရွှိမသံစဉ်လှိုင်းဂယက်) |
| ၁၂း၃၀ - ၆း၃၀ | ကလေးတို့ရဲ့ပျော်ရွှင်ဖွယ်နေ့လေးတစ်နေ့ |
| ၁၂း၄၅ - ၆း၄၅ | တိရစ္ဆာန်လေးတွေမွေးကြမယ် (Smart Pet Shop) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Champion League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၁း၅၅ | Zenit-Juventus | ESPN (Live) |
| ၂း၀၀ | Villarreal-Man Utd | ESPN (Live) |
| | Arsenal-Dynamo Kyiv | STAR SPORTS (Live) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။



အီရတ်နိုင်ငံ ဘာကူဘာဒေသတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်နစ္စတန်တွင် တာလီဘန်တပ်မှူး တစ်ဦးသေဆုံး စစ်သွေးကြွရှစ်ဦးကို ဖမ်းဆီး

**ကဘူး နိုဝင်ဘာ ၂၄**

အာဖဂန်နစ္စတန်တွင် နိုင်ငံတကာ တပ်ဖွဲ့များ စစ်ဆင်ရေးဆောင်ရွက်ရာတွင် အကြီးတန်းတာလီဘန် တပ်မှူးတစ်ဦး သေဆုံးပြီး စစ်သွေးကြွများဟု သံသယရှိသူ ရှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း တနင်္ဂနွေနေ့ ထုတ်ပြန်သော မဟာမိတ်တပ်ဖွဲ့များ၏ကြေညာချက်တွင်ဖော်ပြထားသည်။

နိုဝင်ဘာ ၁၉ ရက်က တောင်ပိုင်း ဟဲလ်မန်းပြည်နယ်တွင် နေတိုးဦးဆောင်သော နိုင်ငံတကာအကူအညီပေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)ကပြုလုပ်သော စစ်ဆင်ရေးတွင် တာလီဘန်အကြီးတန်းတပ်မှူး မူလာအာဆတ် သေဆုံးကြောင်း တနင်္ဂနွေနေ့ နံနက်ပိုင်းက အတည်ပြုပြောကြားသည်။

အဆိုပါ အောင်မြင်မှုများသည် ဟဲလ်မန်းပြည်နယ်မှ သာမန်အာဖဂန်အရပ်သားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သော တာလီဘန်တို့၏ စွမ်းရည်လျော့ပါးသွားစေနိုင်ကြောင်း အိုင်အက်စ်အေအက်ဖ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ရစ်ချက်ဘလန်ချက်က ပြောကြားသည်။

အာဖဂန်နစ္စတန် အရှေ့ပိုင်း ပက်တီကတွင် အခြားစစ်ဆင်ရေးတစ်ခု ဆောင်ရွက်ရာ၌ စစ်သွေးကြွဟု သံသယရှိသူရှစ်ဦးကို စနေနေ့က ဖမ်းဆီးခဲ့သည်။ ***အင်တာနက်။***

## အာဖဂန်နစ္စတန်၌ ကနေဒါတပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိ

**အော့တဝါ နိုဝင်ဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် စစ်လက်နက်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီးတိုက်ခိုက်မှု ဖြစ်ပွားရာ ကနေဒါတပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိကြောင်း ကနေဒါစစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အဆိုပါတပ်ဖွဲ့များသည် ကင်ဒါဟာပြည်နယ် အာဖဂန်ဒတ်ခရိုင်တွင် ကင်းလှည့်နေစဉ် နိုဝင်ဘာ ၂၁ ရက်က တိုက်ခိုက်မှုဖြစ်ပွားခြင်း ဖြစ်ကြောင်း ဖော်ပြသည်။

**သေဆုံး**

တာလီဘန် စစ်သွေးကြွများကို တိုက်ခိုက်ရန် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းစစ်စခန်းတွင် ကနေဒါတပ်ဖွဲ့ဝင် ၂၅၀၀ ကို ချထားသည်။ ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ လမ်းဘေးဗုံးများကြောင့် သေဆုံးသူ ၁၁ ဦးအပါအဝင် ကနေဒါတပ်ဖွဲ့ဝင် ၉၁ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ စီအင်န်ဂျီပြပွဲ ဘင်္ဂလားဒေ့ရှ်တွင်ပြသ

**ဒါကာ နိုဝင်ဘာ ၂၄**

ပထမအကြိမ် ကျင်းပသော အပြည်ပြည်ဆိုင်ရာ သဘာဝ ဓာတ်ငွေ့ (စီအင်န်ဂျီ)လုပ်ငန်းသုံးပစ္စည်းကိရိယာ ပြပွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏မြို့တော် ဒါကာတွင် နိုဝင်ဘာ ၂၃ရက်ကစတင်ပြသသည်။

ထိုပြပွဲတွင် စီအင်န်ဂျီပစ္စည်းကိရိယာများထုတ်လုပ်သော ကနေဒါ၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ပါကစ္စတန်၊ အာဂျင်တီးနား၊အမေရိကန်နှင့် ဗြိတိန်စသည့် နိုင်ငံ ၁၆ နိုင်ငံတို့မှလုပ်ငန်းပေါင်း ၂၀ကျော်တို့ ပါဝင်ပြသသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအိမ်စောင့်အစိုးရ၏စွမ်းအင်ဓာတ်အားနှင့် သယံဇာတလုပ်ငန်းများ ဆိုင်ရာအကြံပေးအရာရှိချုပ် အမ်တာမင်က ထိုပြပွဲဖွင့်ပွဲသို့တက်ရောက်ကာ အမှာစကားပြောကြားသည်။

စီအင်န်ဂျီနည်းပညာအသုံးပြုသည့် ပစ္စည်းကိရိယာသစ်များ ဖွံ့ဖြိုးလာစေရန်နှင့် စီအင်န်ဂျီသုံးစွဲသူများ များပြားလာစေရန် ယခုပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဇာဘူးပြည်နယ်တွင် စစ်သွေးကြွနှစ်ဦး၊ အရပ်သားသုံးဦးသေဆုံး

**ကဘူး နိုဝင်ဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဇာဘူးပြည်နယ်တွင် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ၏ စစ်ဆင်ရေး ဆင်နွှဲမှုကြောင့် လက်နက်ကိုင် စစ်သွေးကြွနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သားသုံးဦး သေဆုံးခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့က တနင်္ဂနွေနေ့ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် အရပ်သားလေးဦး ဒဏ်ရာရရှိသဖြင့် ဆေးရုံသို့ တင်ပို့ထားရသည်ဟုဆိုသည်။ ယင်းကဲ့သို့ အရပ်သားများ သေဆုံးရခြင်းကို စတင်စစ်ဆေးနေပြီဟု ဆိုသည်။

***အင်တာနက်။***

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

## အာဖဂန်နစ္စတန်၌ ထိုးစစ်ဆင် စစ်သွေးကြွ ၁၄ ဦးသေဆုံး

**ကဘူး နိုဝင်ဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် အစိုးရအား ဆန့်ကျင်သော စစ်သွေးကြွများကို အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များနှင့် အာဖဂန်တပ်ဖွဲ့များက စစ်ဆင်ရေးပြုလုပ်ရာ တာလီဘန် ၁၄ ဦး သေဆုံးပြီး ၁၄ ဦး ဖမ်းဆီးရမိကြောင်း မဟာမိတ်အဖွဲ့က စနေနေ့တွင် ပြောကြားသည်။

**နှိမ်နင်းနိုင်**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ ဂါဇနီဒေသ ဝါဂျက်ဇ်ခရိုင်တွင် နိုဝင်ဘာ ၂၁ ရက်က တာလီဘန်စစ်သွေးကြွ အဆက်အနွယ်များကို စစ်ဆင်ရေး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ ၂၁ ရက် စောစောပိုင်းက အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဖာရတ်ချ်ပြည်နယ်တွင် စစ်ဆင်ရေးထပ်မံပြုလုပ်ရာ မဟာမိတ်တပ်ဖွဲ့ ထောက်ခံသော အာဖဂန်အမျိုးသားတပ်ဖွဲ့ (အေအင်အေ)တို့ တိုက်ခိုက်မှုကြောင့် ယင်းဒေသရှိ စစ်သွေးကြွလေးဦးကို နှိမ်နင်းနိုင်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ယင်းစစ်ဆင်ရေးတွင် အေအင်အေတပ်ဖွဲ့များ၊ မဟာမိတ်တပ်ဖွဲ့များနှင့် အရပ်သားများ သေကျေဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

***အင်တာနက်။***



အာဖဂန်နစ္စတန် နိုင်ငံတောင်ပိုင်း၌ကားဗုံးပေါက်ကွဲသွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## သဘာဝဘေးအန္တရာယ် သတင်းများ



## ဖိလစ်ပိုင်မြောက်ပိုင်းရှိ ကျေးရွာ ၄၀ ၌ ရေကြီးမှုဖြစ်ပွား

**မနီလာ နိုဝင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း အီဆာဘီလာပြည်နယ် မြို့တော်အီလာဂန်အနီး ကျေးရွာ ၉၁ ရွာအနက် ရွာ ၄၀ တွင် ငါးရက်ကြာ မိုးရွာသွန်းခြင်းကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း၊ ဒေသတွင်းရှိ ဆည်တမံတစ်ခုသည် ရေလျှံလုနီးပါး ဖြစ်နေမှုကြောင့် မြို့များနှင့် ကျေးရွာအများအပြားမှာ ရေကြီးမှုအန္တရာယ်နှင့် ကြုံတွေ့နိုင်ကြောင်း ပြည်တွင်းသတင်းများက စနေနေ့တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ရဲတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့တို့သည် ဒေသခံ အစိုးရနှင့် ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရေနက်ပိုင်းတွင် ရေဝိုင်းခံနေရသော ရွာသူရွာသားများကို ကယ်တင်ရာ၌ စက်တပ်ရော်ဘာလှေများကို အသုံးပြုကြသည်ဟု သိရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## ပွာတိုရီကို၌ ငလျင်လှုပ်

**ဆန်ဂျွန် နိုဝင်ဘာ ၂၄**

ပွာတိုရီကိုနိုင်ငံ ကမ်းရိုးတန်းတွင် နိုဝင်ဘာ ၂၃ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။

အမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာနက အဆိုပါ ငလျင်သည် မြို့တော် ဆန်ဂျွန်မြောက်ဘက် ၆၁ မိုင်အကွာ မြေပြင်အောက် ၆ ဒသမ ၂ မိုင်၌ ဗဟိုပြုပြီး လှုပ်သွားသည်ဟု ထုတ်ပြန်သည်။ ***(အောက်ပုံ) အင်တာနက်။***



## ဆူမတြား၌ အင်အားပြင်း ငလျင်လှုပ်

**ဂျကာတာ နိုဝင်ဘာ ၂၄**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း၌ အောက်တိုဘာ ၂၂ ရက်က အင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ သို့သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် သေကျေဒဏ်ရာရရှိမှုကို ဖော်ပြခြင်းမရှိကြောင်း၊ သို့သော် ငလျင်သည် ဆူမတြားပြည်နယ် တောင်ပိုင်းရှိ အချို့ခရိုင်များတွင် အင်အားပြင်းထန်စွာ လှုပ်သွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ ငလျင်သည် ဘန်ကူလူမြို့အနောက် တောင်ဘက် ၁၄၂ ကီလိုမီတာ ပင်လယ်ရေအောက် ၂၃ ကီလိုမီတာ၌ ဗဟိုပြုပြီးလှုပ်သွားကြောင်း၊ ဒုတိယအကြိမ်ငလျင်သည် ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိကာ ပထမအကြိမ်လှုပ်သော ဒေသမှာပင် လှုပ်သွားကြောင်း မိုးလေဝသဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***



ရိုမေးနီးယားနိုင်ငံ ဘရာဆော့ဗ်ဒေသ ပရီးဒီးလ်မြို့တွင် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် နှင်းများထူထပ်စွာ ကျဆင်းနေသည်ကို နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပါကစ္စတန်တွင် အမေရိကန်တို့၏လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အလိုရှိနေသော ဗြိတိသျှလူမျိုး စစ်သွေးကြွခေါင်းဆောင် သေဆုံး

ပတ်ရှဝါ နိုဝင်ဘာ ၂၄

**ပါကစ္စတန်အနောက်မြောက်ဘက်တွင် နိုဝင်ဘာ ၂၂ ရက်က အမေရိကန်တို့၏ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်သည်ဟု ယူဆရသော ဒုံးကျည်ထိမှန်သဖြင့် အယ်လ်ခိုင်ဒါများနှင့် အဆက်အသွယ်ရှိသော ရာရှစ်ရတ်ဖ် အမည်ရှိ ဗြိတိသျှလူမျိုး စစ်သွေးကြွတစ်ဦးနှင့် အီဂျစ်လူမျိုးတစ်ဦးတို့ သေဆုံးကြောင်း ပါကစ္စတန်ရုပ်မြင်သံကြားနှင့် သတင်းဌာနများက ထုတ်လွှင့်သည်။**

ရတ်ဖ်သည် ၂၀၀၆ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သည့် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သောခရီးသည်တင် လေယာဉ်ကြီးများကို တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်တွင် ခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့သူဟု ယူဆရပြီး ဝါဇီရစ္စတန်လူမျိုးစုဒေသ မြောက်ပိုင်းအား အမေရိကန်ကင်းထောက်လေယာဉ်များက ထိုးစစ်ဆင်ခဲ့ချိန်၌ ဒဏ်ရာရရှိသူငါးဦးတွင် ပါဝင်သူဖြစ်သည်။

၎င်းအား အစ္စလာမ္မာဘတ်တရားရုံးတွင် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက စစ်ဆေးကြားနာခဲ့ပြီး ထိန်းသိမ်းခံထားရရာမှ လွတ်မြောက်သွားခဲ့ကာ သေဆုံးသွားပြီဟု ယူဆခြင်းခံရသူဖြစ်သည်။

သေဆုံးခဲ့သော အီဂျစ်လူမျိုးမှာ အဘူဇာဘီ အယ်လ်မာဆာရီဖြစ်သည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***




# ပြန်ပေးဆွဲထားသော ဆော်ဒီသင်္ဘောအနီး ဓားပြများက လက်နက်ကိုင် အင်အားများတိုးမြှင့်ထား

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၂၄**

ဆိုမာလီ ပင်လယ်ဓားပြများသည် ၎င်းတို့ ပြန်ပေးဆွဲထားသော ဆော်ဒီအာရေဗျရေနံတင်သင်္ဘောကို အမေရိကန်ဒေါ်လာ ၂၅ သန်းနှင့် ပြန်လွှေးယူရန် တောင်းခံပြီးနောက် ထိုသင်္ဘော၏ဝန်းကျင်တွင် အကာအကွယ်များ တိုးမြှင့်ချထားကြောင်း သိရသည်။

ပြန်ပေးဆွဲခံထားရသော ရေနံတင်သင်္ဘောသည် ယခုအခါ ဆိုမာလီ ကမ်းရိုးတန်းရှိ ဟာရာဟီရီဒေသတွင် ကျောက်ချထားသည်။ လတ်တလော အခြေအနေတွင် ထိုသင်္ဘော ဆိုက်ကပ်ထားရာ ဒေသဆီသို့ ပြည်ပစစ်သင်္ဘောများ ဦးတည်ခုတ်မောင်းလျက်ရှိပြီး သင်္ဘောကုမ္ပဏီများသည်လည်း ယင်းတို့၏ သင်္ဘောများကို ရေလမ်းကြောင်းပြောင်း၍ခုတ်မောင်းရန် စီစဉ်လျက်ရှိသည်။ သင်္ဘောဆိုက်ကပ်ထားရာ ဒေသဝန်းကျင်ရှိ ကျေးရွာများမှ လက်နက်ကိုင်များဖြင့် အားဖြည့်ကာ ရေနံတင်သင်္ဘောကို စောင့်ကြပ်လျက်ရှိကြောင်း ယင်းဒေသနေ မိုဟာမက်အဝါလီဆိုသူက ပြောကြားသည်။

အားဖြည့်ထားသော လက်နက်ကိုင် ပင်လယ်ဓားပြများမှာ ဇူလ်ဂူဒတ်နှင့် မူဒတ်ဒေသမှ ဖြစ်ကြောင်းသိရသည်။ ယခုဖမ်းဆီးထားသော သင်္ဘောမှာကြီးမားပြီး ကုန်စည်မှာလည်း တန်ဖိုးကြီးမားသည့်အတွက် ရရှိမည့်ပြန်ပေးငွေမှာလည်း များပြားမည်ဟု လက်နက်ကိုင်များက ယူဆထားကြပြီး ဝေစုရယူလိုကြသဖြင့် ဟာရာဟီရီသို့ ရောက်လာကြခြင်းဖြစ်သည်ဟု အာမက်အဗ္ဗဒူလာကပြောကြားသည်။ ရေနံတင်သင်္ဘော ဆီးရီးရပ်စ်စတားကို ဆိုမာလီနိုင်ငံ၏ ကမ်းလွန်ဒေသမြောက်ပိုင်း မိုင် ၁၈၀ အကွာတွင် ပြန်ပေးဆွဲထားခြင်း ဖြစ်သည်။ ထိုသင်္ဘောပေါ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိသော ရေနံစည်ပေါင်း နှစ်သန်းတင်ဆောင်ထားပြီး သင်္ဘောသား ၂၅ ဦး လိုက်ပါလာသည်။

***အင်တာနက်။***

# အစ္စရေးနိုင်ငံအတွက် သူလျှိုလုပ်ပေးသူအား အီရန်က သေဒဏ်ချမှတ်

**တီဟီရန် နိုဝင်ဘာ ၂၄**

အီရန်နိုင်ငံ၏ ရန်သူဖြစ်သော အစ္စရေးနိုင်ငံအတွက် သူလျှိုလုပ်ပေးသည့်အမှုဖြင့် ဖမ်းဆီးထားခြင်းခံရသူ အီရန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား တရားရုံးက သေဒဏ်ချမှတ်လိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်တွင် တရားရေးဌာနမှ ထွက်ပေါ်လာသောသတင်းက ဖော်ပြသည်။ သေဒဏ်စီရင်ခြင်းခံရသူမှာ အလီအက်ရှ်တာရီဖြစ်သည်။ ၎င်းသည် အစ္စရေးနိုင်ငံ သူလျှိုအဖွဲ့ မော့ဆက်အတွက် သုံးနှစ်တာမျှ သူလျှိုလုပ်ပေးခဲ့ပြီးနောက် ၂၀၀၆ ခုနှစ်တွင် အဖမ်းခံရခြင်းဖြစ်သည်။ အလီအက်ရှ်တာရီက အပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုခဲ့သည်ဟု အီရန်အမျိုးသား ရုပ်သံဌာနက ကြေညာသည်။

အီရန်နိုင်ငံသည် ပြဿနာဖြစ်လျက်ရှိသော နျူကလီးယားကိစ္စကို သံတမန်နည်းအားဖြင့် ဖြေရှင်းနိုင်ခြင်းမရှိလျှင် အစ္စရေးက စစ်ရေးအရ အရေးယူသွားမည့်အခြေအနေရှိသည်ဆိုသောသတင်းများထွက်ပေါ်နေသဖြင့် အခြေအနေမှာ တင်းမာလျက်ရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***

**အစ္စရေး နိုင်ငံအတွက် အီရန်၏ လျှို့ဝှက်ချက်များကို သူလျှိုလုပ်ပေးခဲ့သဖြင့် သေဒဏ်ပေးခံရသော စီးပွားရေးလုပ်ငန်းရှင် အလီအက်ရှ်တာရီအား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# ဖိလစ်ပိုင်တွင် ဗုံးခွဲရန် ကြံစည်သူများအား ရဲတပ်ဖွဲ့ ဖမ်းဆီးမိ

**မနီလာ နိုဝင်ဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံမြို့တော်မက်ထရိုမနီလာရှိ ပြည်သူလူထုနှင့်သက်ဆိုင်သော နေရာများကို အဓိကထားကာ ဗုံးဖောက်ခွဲရန်အတွက် ကြံစည်အားထုတ်လျက်ရှိသည်ဟု သံသယရှိသော အဘူဆေယက်ဖ်အဖွဲ့ဝင် နှစ်ဦးအား ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း လုံခြုံရေးတာဝန်ရှိသူများက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

မြို့တော် မက်ထရိုမနီလာရှိ တာဂစ်ဒေသတွင် ဆာလာကေဆန်ဘီရူလာနှင့် ၎င်း၏ အပေါင်းအပါတစ်ဦးအား ပြင်းထန်စွာ ပေါက်ကွဲစေနိုင်သော ဗုံးကို ပြုလုပ်ဖန်တီးနေစဉ် စစ်တပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်တိုက်ဖျက်ရေး လှုပ်ရှားမှုအဖွဲ့တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဗုံးသည် ပေါက်ကွဲမှုစွမ်းအားကြီးမားသည့်အတွက် နေရာအတော်များများကို ထိခိုက်ပျက်စီးစေနိုင်သည်ဟု ၎င်းက ပြောကြားသည်။ တရားခံများသည် နိုဝင်ဘာလလယ်ပိုင်းတွင် ဗုံးဖောက်ခွဲရန် စီစဉ်ထားသည်ဟု သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကွန်ဂိုအရှေ့ပိုင်း၌ သတင်းထောက်သေဆုံး

**ကင်ရှာဆာ နိုဝင်ဘာ ၂၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ဘက်တွင် ကုလသမဂ္ဂထောက်ခံသည့် ရေဒီယိုအသံလွှင့်ဌာန၏ သတင်းထောက်တစ်ဦးသည် နိုဝင်ဘာ ၂၁ရက် ညပိုင်းက သေနတ်ပစ်ခံရ၍ သေဆုံးခဲ့ကြောင်း ယင်းအသံလွှင့်ဌာနနှင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးတို့က ပြောကြားသည်။ တောင်ကီဗူပြည်နယ်မြို့တော် ဘူကာဗူတွင် ၁၈ လအတွင်း ဒုတိယကြိမ် သတင်းထောက်တစ်ဦး သေဆုံးခြင်းဖြစ်သည်။

***အမ်အင်အေ၊ ရိုက်တာ။***

**ဖိလစ်ပိုင်နိုင်ငံ မာဂင်ဒါနာဒိုဒေသတွင် မိုရိုသူပုန်များနှင့် ဖြစ်ပွားသော တိုက်ပွဲများကြောင့် မိသားစု ၆၀၀၀၀ ကျော်တို့ အိုးပစ်အိမ်ပစ်နှင့် ဒုက္ခသည်ဘဝ ကျရောက်နေရသူများအနက် အချို့ကို နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*





**ရုရှားနိုင်ငံ၏ ဒူးမားလွှတ်တော် သမ္မတသက်တမ်း တိုးမြှင့်ရန် နိုဝင်ဘာ ၂၁ ရက်က ဆုံးဖြတ်ချက် ချမှတ်နေသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဗြိစတြေးလျတွင် သောင်တင်နေသော ဝေလငါးများ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများ ကယ်တင်

**ဟိုဘတ် (ဩစတြေးလျ) နိုဝင်ဘာ ၂၄**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းကမ်းခြေ၌ သောင်တင်နေသော ဝေလငါး ၁၁ ကောင်ကို သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းသူ ကယ်ဆယ်ရေးသမားများက ဝိုင်းဝန်း ကယ်တင်ကာပင်လယ်တွင်း ရေနက်ပိုင်းဆီသို့ ပို့ဆောင်ပေးခဲ့ကြောင်း သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အရာရှိများက ပြောကြားသည်။

တပ်စ်မေးနီးယား ကမ်းခြေဒေသတွင် သောင်တင်လာသော ဝေလငါး စုစုပေါင်း ၆၄ ကောင်ရှိသည်။ ထိုဝေလငါးအားလုံးသည် အမများနှင့် ဝေလငါးငယ်များသာ ဖြစ်သည်ဟုဆိုသည်။ ယင်းကောင်ရေအနက် ယခုနောက်ဆုံး ပင်လယ်တွင်းသို့ ပို့ဆောင်လိုက်သော ၁၁ ကောင်မှာ နောက်ဆုံးအသုတ်ဖြစ်သည်။ သောင်တင်လာသော ဝေလငါးများသည် ပိုင်းလော့ဝှေးခေါ် လမ်းပြဝေလငါးမျိုးများ ဖြစ်သည်။

***အင်တာနက်။***

# နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွား ထာဝစဉ်ပါဝင်သယ်ပိုး

မောင်ရဲလင်း

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တညီ တညွတ်တည်း ယုံကြည်လက်ခံထားသည့် မှန်မြတ် သော ပန်းတိုင်ဖြစ်သည်။

နိုင်ငံတည်ဆောက်ရေးတွင် တည်ငြိမ်အေးချမ်း မှု၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေးခိုင်မာ တောင့်တင်းမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်မှုတို့သည် အဓိကလိုအပ်ချက်များဖြစ်သည်။ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေး စွမ်းအား၊ ကာကွယ်ရေးစွမ်းအား စသည့် အခြေခံ စွမ်းအား တောင့်တင်းမှုများဖြင့်သာ နိုင်ငံတော်သစ် ကို တည်ဆောက်ထူထောင်နိုင်မည်ဖြစ်သည်။ နိုင်ငံ တော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ နိုင်ငံတော်ကြီးကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပေသည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ပြည်သူ တစ်ရပ်လုံး အင်တိုက်အားတိုက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်လာစေရန် စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုနိုင်ရေးအတွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်း ထူထောင်ခဲ့သည်။ အနာဂတ်အတွက် မျိုးဆက်သစ် များဖြစ်ကြသည့် လူငယ်လူရွယ်များ၏ စွမ်းပကားကို အမျိုးသားရေးအကျိုးစီးပွားအတွက် အမျိုးသားရေး အင်အားစုကြီးအဖြစ်တည်ဆောက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

အသင်းကြီးကို မှန်မြတ်မှန်ကန်သည့် အမျိုးသား ရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးအပေါ် အခြေပြုထားသည့် ရည်ရွယ်ချက်(၅)ရပ်၊ အခြေခံ မူ(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ်(၁၁)ပါးနှင့် တာဝန်ဝတ္တရား (၁၄)ချက်တို့ဖြင့် ပြဋ္ဌာန်းထူထောင် ထားခြင်းဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇) ကျင်းပချိန်အထိ ပြည်နယ်၊ တိုင်း အဆင့်ဆင့်အသင်း ပေါင်း ၁၇ သင်း၊ ခရိုင်အဆင့် အသင်းပေါင်း ၆၆ သင်း၊ မြို့နယ်အဆင့် အသင်းပေါင်း ၃၂၀၊ ရပ်ကွက်၊ ကျေးရွာအဆင့် အသင်းပေါင်း ၁၅၄၂၁ ဖွဲ့စည်း နိုင်ခဲ့ပြီး အသင်းဝင်အဖြစ် အသိအမှတ်ပြုပြီးသူ ၂၄ သန်းကျော်အထိ တိုးတက်လာလျက်ရှိသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကို ဖွဲ့စည်းခဲ့သည့် ၁၅ နှစ်တာကာလအတွင်း အသင်း ဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်ယှဉ်၍ စည်းရုံး ရေးအတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်ရေး အတွေ့ အကြုံများ ရရှိခဲ့ကြပြီဖြစ်သည်။ အသင်းဝင်များ သည် နိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် နေထိုင်ကြ သူများဖြစ်ရာ ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဦးတည်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် များနှင့်အညီ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် အကျိုးပြုနေကြပြီဖြစ်သည်။ အကျိုးရှိသည့် လက်တွေ့ အကောင်အထည်ဖော်မှုများကြောင့် နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ရရှိနေကြပြီ ဖြစ်သည်။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အသင်းဝင်များ လိုက်နာထမ်းဆောင်ရမည့် လုပ်ငန်းလမ်းညွှန်များနှင့် စပ်လျဉ်း၍ **"နိုင်ငံတော်နှင့် ပြည်သူများ ရရှိခံစားနေ ကြရတဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေကို လျော့ပါးဆုံးရှုံးမှုမရှိအောင် ကာကွယ်ထိန်းသိမ်းပြီး ပိုမိုတိုးတက် ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။ နိုင်ငံတော်နဲ့ နိုင်ငံ သားများရဲ့ အကျိုးစီးပွားအတွက် အကောင်အထည် ဖော် ဆောင်ရွက်ရာမှာ တွေ့ကြုံရမည့် ဘယ်လို အခက်အခဲ၊ အကျပ်အတည်းများကိုမဆို စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားရဲတဲ့သတ္တိစိတ်နဲ့ အောင်မြင်စွာ ဖြေရှင်း ကျော်လွှားနိုင်ရေး ကြိုးပမ်း သွားကြပါ။ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး အတွက် ပြည်သူများနဲ့အတူ ဝိုင်းဝန်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားကြပါ"** ဟူ၍ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇) တွင် ဩဝါဒ စကား မြွက်ကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် များသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အသင်းကြီးက ချမှတ်ထားသော ရည်ရွယ်ချက်၊ အခြေခံမူ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ စုစည်းညီညွတ်စွာ ပါဝင်ဆောင်ရွက်ရန် မိမိတို့၏ ဆန္ဒအလျောက် ဝင်ရောက်လာကြသူများဖြစ်သည်။ ယုံကြည်ချက်၊ ခံယူ ချက်၊ အတွေးအခေါ် ညီညွတ်မှုတို့ကို အခြေခံပြီး လက်တွေ့နယ်ပယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကို ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်သယ်ပိုးထမ်းရွက် နေကြပြီဖြစ်သည်။

အသင်းဝင်များသည် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများနှင့်အတူ ဒေသအလိုက် ပညာရေး၊ ကျန်းမာ ရေး၊ လူမှုရေးနှင့်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်မီးလင်း ရေး၊ ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဖော်ဆောင် နေကြသည်။

ရပ်ရေး၊ ရွာရေးသည် အမျိုးသားရေး၏ လူမှုရေး ဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်ရာ လူမှုရေးဆိုင်ရာ အခြေခံ လိုအပ်ချက်များတွင်လည်း အသင်းဝင်များက ပါဝင်သယ်ပိုးကူညီနေကြသည်။

သာဓကအဖြစ် မကြာသေးမီက မြန်မာနိုင်ငံ အတွင်း မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် လူနေ အိမ်ခြေ၊ စီးပွားရေးလုပ်ငန်းများစွာ ထိခိုက်ပျက်စီး သွားခဲ့သည့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အသုတ်လိုက်သွားရောက်၍ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းခွင်များတွင် ပါဝင် ကူညီခဲ့ကြသည်။လေဘေးသင့်ဒေသများသည် ပင်လယ် ကမ်းခြေဒေသများဖြစ်၍ သွားရေး၊ လာရေး အခက် အခဲအချို့ ကြုံတွေ့ခဲ့ရသော်လည်း အသင်းဝင်များက ဒေသခံအဖွဲ့အစည်းများ၊ပြည်သူများနှင့်အတူလက်တွဲ ၍ နေအိမ်အမိုးအကာများ ပြုပြင်တည်ဆောက်ခြင်း၊ သောက်သုံးရေကန်များ ဆယ်ယူခြင်း၊ လဲပြိုနေသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းများ ပြုပြင် ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကျေးရွာကျောင်းများ စာသင်ခုံများပြုပြင်ခြင်း၊ ခြင် ဆေးဖျန်းခြင်း၊ ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်း များ သယ်ယူပို့ဆောင်ပေးခြင်း စသည့် မြို့ရွာပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြ သည်။

ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်နှစ်ရာကျော်တို့သည် အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အတွင်းရှိ လှိုင်းဘုန်းကျေးရွာ၊ ပြင်စလူမြို့ ဆင်ခြေရာ ကျေးရွာ၊ စလူဆိပ်ကျေးရွာ၊ ဘိုကလေးမြို့နယ်အတွင်း ရှိ ကြိမ်ချောင်းကြီးကျေးရွာနှင့် စက်ဆန်းကျေးရွာတို့ ၌ အခြေပြုပြီး လေဘေးသင့်ကျေးရွာများ ပြန်လည် ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင် ကူညီခဲ့ကြသည့် ကြိုးပမ်းမှုမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပေ သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်နှင့် အသင်းဝင်များသည် နယ်ပယ်ကဏ္ဍ အလွှာအသီးသီးတွင် ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးဖော်ဆောင်လျက်ရှိကြ သည်။ ဒေသခံပြည်သူများ၏ ခင်မင်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်မှုများ ပိုမို ရရှိလာသည်။

နိုင်ငံအတွင်း လူတိုင်းအတွက် ပညာရေးရည်မှန်း ချက်နှင့်အညီ အချိန်အခါ အသက်အရွယ်နှင့် ပညာ အဆင့်အတန်းမရွေး သင်ယူလေ့လာနိုင်စေရန် ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ် တိုင်သင်ယူပညာရေး နည်းလမ်းများဖြင့် ဖော်ဆောင် ပေးလျက်ရှိသည်။ လူတိုင်းအတွက် ပညာသင်ယူနိုင် မှု အခွင့်အလမ်းများ တိုးတက်ရရှိစေရေးလုပ်ငန်း များ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဆရာ၊ ဆရာမများကို တိုးချဲ့တည်ဆောက် မွေးထုတ် ပေးလျက်ရှိသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းဝင်များ အပါအဝင် စေတနာရှင် ပြည်သူ များ၊ အလှူရှင်များကလည်း လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် ပါဝင်ကူညီပံ့ပိုး အားပေးလျက် ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝင်များကလည်း ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး၊ စေတနာညကျောင်းများ ဖွင့်လှစ် ပြီး စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများသို့ ငွေနှင့် ပစ္စည်း များ ထောက်ပံ့ရေး၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူ များ ဆုချီးမြှင့်ရေး လုပ်ငန်းများတွင် ကိုယ်တိုင် ကိုယ်ကျ ပါဝင်ကူညီနေကြသည်။

အလားတူ မိမိတို့ဒေသအတွင်းရှိ အခြေခံပညာ ကျောင်းများသို့ စာရေးခုံ၊ စာသင်ခုံနှင့် ထိုင်ခုံအတွဲ များ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်း ဝတ်စုံစရိတ်များ လှူဒါန်းခြင်း၊ ပညာသင် ထောက်ပံ့ ခြင်းနှင့် အားကစားပစ္စည်းများ လှူဒါန်းခြင်းတို့ကို လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြ သည်။

အသင်းဝင်များအနေဖြင့် ကျေးလက်ဒေသ စာကြည့် တိုက်၊ ကျေးလက်ဆေးပေးခန်း၊ ကျေးလက်လမ်းနှင့် ချောင်းကူးတံတားများ ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ၌ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက် လျက်ရှိကြသည့်အပြင် စုပေါင်းသွေးလှူဒါန်းခြင်း၊ ဒေသအချို့၌ မိုးသည်းထန်မှုကြောင့် ရေဘေးသင့် အိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်း ခြင်း၊ ငွေကြေးနှင့်အသုံးအဆောင်ပစ္စည်းများ လှူဒါန်း ခြင်းတို့ကိုလည်း စေတနာရှင် ပြည်သူများ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ ပါဝင်ကူညီဆောင်ရွက်ခဲ့ သည်များကို တွေ့မြင်၊ ကြားသိနေရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန် ဖွဲ့စည်း ထားသော အမျိုးသားရေးအဖွဲ့အစည်းဖြစ်သည်။ အသင်းဝင် မျိုးဆက်သစ် လူငယ်ထုတစ်ရပ်လုံးက နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးသား နိုင်ငံ ရေးလုပ်ငန်းစဉ်များတွင်တက်ကြွစွာပါဝင်ဆောင်ရွက် နေကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များအားလုံးသည် ဤအစဉ်အလာကောင်း၊ စိတ်ဓာတ် ကောင်း၊ အလေ့အကျင့်ကောင်းများနှင့်အညီ နိုင်ငံတော် သစ် တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်သူ များနှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင် သွားကြမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက် ရပါသည်။ ။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းခဲ့သည့် ၁၅ နှစ်တာကာလအတွင်း အသင်းဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ယှဉ်၍ စည်းရုံးရေးအတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်ရေး အတွေ့အကြုံများ ရရှိခဲ့ကြပြီဖြစ် သည်။ အသင်းဝင်များသည် နိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် နေထိုင်ကြသူများဖြစ်ရာ ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ နှင့်အညီ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် အကျိုးပြုနေကြပြီဖြစ်သည်။ အကျိုးရှိသည့် လက်တွေ့အကောင်အထည်ဖော်မှုများကြောင့် နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ရရှိနေကြပြီ ဖြစ်သည်။**

# ဘိုကလေးမြို့နယ် အခြေခံပညာမူလတန်းကျောင်း ဖွင့်ပွဲများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေး

နေပြည်တော် နိုဝင်ဘာ ၂၄

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ဧရာကျေးရွာ တစ်ဖက်ကမ်း တောက်တာကုန်းကျေးရွာအနီး မုန်တိုင်းဒဏ်ခံ လူ ၅၀၀ ဆံ့ Cyclone Shelter တည်ဆောက်ရန် မြေနေရာ ရွေးချယ်ထားမှုနှင့် ကဒုံကနီကျေးရွာ၌ ဆောက်လုပ်မည့် မုန်တိုင်းဒဏ်ခံ လူ ၅၀၀ ဆံ့ Cyclone Shelter တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှု စစ်ဆေးသည်။**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် စာဖြူစုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး ကျောင်းသားကျောင်းသူကလေးများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ရှိပြီး ဝန်ကြီးက ငွေကျပ်သိန်း ၁၇၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ကျုံလွတ်ကြီးကျေးရွာ ပညာပါရမီအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ကျောင်းသားကျောင်းသူကလေးများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အလှူရှင်များက ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိပြီး ငွေကျပ်သိန်း ၈၀ အကုန်အကျခံ လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် လတာချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်အားပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် စားစရာများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၅၀၊ အနံပေ ၃၀ ရှိပြီး အလှူရှင် ဦးမြတ်မင်းမောင်က ငွေကျပ်သိန်း ၅၀အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့ သကံ့ဝကျေးရွာ မြို့ဝင်ဧက ၁၀၀၀စံပြကွက်အတွင်း လယ်သမားကြီး ဦးထွန်းကြည်၏ လယ်ခြောက်ဧက၌ မိုးစပါး စံကွက်ရိတ်သိမ်းပွဲနှင့် နွေစပါး ထွန်ယက်ပွဲသို့ တက်ရောက်အားပေးသည်။ အဆိုပါ လယ်ခြောက်ဧကမှ သီးထပ်ရင်မျိုးများ ရိတ်သိမ်းရာ တစ်ဧကလျှင် ၇၅ တင်းနှုန်းထွက်ရှိကြောင်းနှင့် နွေစပါး စိုက်ပျိုးရန် ဆက်လက်ထွန်ယက်နေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကြည့်ရှုအားပေး

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် သကံ့ဝကျေးရွာမြို့ဝင်ဧက ၁၀၀၀ စံပြကွက်ရှိ လယ်သမားကြီး ဦးထွန်းကြည်၏ လယ် ခြောက်ဧကတွင် မိုးစပါးစံကွက် ရိတ်သိမ်းပွဲနှင့် နွေစပါးထွန်ယက်ပွဲကို ကြည့်ရှုအားပေးစဉ်။**

(သစ်တော)

## အမှာစကားပြောကြား

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နည်းပြသင်တန်း ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဟသ်ာတအထက(၁) (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဟသ်ာတ အထက(၁)၌ ပညာသင်ပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဟသ်ာတမြို့ အထက(၁) ဟသ်ာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးသိန်းဖေ ဖုန်း-၀၄၄-၂၁၂၉၃၊ ဦးမောင်မောင်အေး ဖုန်း-၀၄၄-၂၁၁၆၄၊ ဦးမောင်မောင် ဖုန်း-၀၄၄-၂၁၅၃၂၊ ဦးဌေးအောင် ဖုန်း-၅၂၇၇၁၀၊ ဦးခိုင်ထွန်းအောင် ဖုန်း-၅၅၂၆၆၂၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၀၉၅၀-၀၅၃၃၇၊ ဦးစိုးမြင့်(သီဟ အလူမီနီယံ) ဖုန်း-၅၄၀၁၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်မြို့မှ လိုက်ပါကြမည့်သူများအတွက် မော်တော်ယာဉ်များအခမဲ့ စီစဉ်ထားရာ ဒီဇင်ဘာ ၆ ရက်(စနေနေ့) နံနက် ၆ နာရီခွဲတွင် ဟသ်ာတ အသင်းတိုက် အမှတ်(၁၈၄-၁၈၆)၊ ၄၅-လမ်း(အထက်)မှ ထွက်ခွာမည်ဖြစ်၍ ဦးခိုင်ထွန်းအောင် ဖုန်း-၅၅၂၆၆၂ ထံ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)






# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၄

**ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။**

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မိတ္ထီလာကန်၏ အလှကျက်သရေတိုးစေမည့် ကရဝိက်ဖောင်တော် တည်ဆောက်နေ၊ ဂျပန်၊ မလေးရှားပညာရှင်တို့နှင့် ပူးပေါင်း၍ အရည်အသွေးမြင့် ဂျစ်ကားများထုတ်လုပ်သွားမည်၊ ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေထက် မြိတ်ကျွန်းစုကို ကမ္ဘာလှည့်များပိုမိုနှစ်သက်၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံက အိန္ဒိယသို့ ပဲမျိုးစုံတန်ချိန် တစ်သန်း ရောင်းချမည်၊ တက္ကသိုလ်ဝင်တန်း၌ အမှတ် ၃၀၀နှင့်အထက် ရရှိသူများ အမေရိကန်ပညာသင်ဆု လျှောက်ထားနိုင်၊ အောင်မင်္ဂလာ အဝေးပြေးယာဉ် ရပ်နားစခန်းတွင် အဆင့်မြင့် ဧည့်ရိပ်သာကြီး တည်ဆောက်နေ၊ လေလံအောင် မော်တော်ယာဉ် ၄၉ စီးအား ကျပ်သိန်း ၂၀၀ ဝန်းကျင်ဖြင့် ပြန်လည် ရောင်းချပေးရာ ၁၆ စီးသာ ကျန်ရှိ၊ ပြန်ပေးဆွဲခံထားရသော ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိ ရေနံစည် နှစ်သန်းကျော် တင်ဆောင်ထားသည့် ဧရာမရေနံတင် သင်္ဘောကြီး၏ နောက်ဆုံး အခြေအနေ၊ အိုဘားမားက ဂန်တာနာမို အကျဉ်းထောင်ကြီး ပိတ်ပစ်မည်ဟုဆို၊ မိုက်ကယ်ဂျက်ဆင်ကို ဘာရိန်းတော်ဝင်မင်းသားက တရားစွဲဆို၊ စင်ကာပူ တိရစ္ဆာန်ရုံ၌ ကျားဖြူသုံးကောင်က လူတစ်ဦးအားကိုက်သတ်ခဲ့၊ သဘာဝ အလျောက် HIV ပိုးကို ခံနိုင်ရည်ရှိသူထံမှ ပင်မဆဲလ်များသုံးပြီး AIDS လူနာတစ်ဦးအား အောင်မြင်စွာကုသပေးနိုင်ခဲ့၊ ဦးနှောက်အကျိတ် ရှိသည်ထင်၍ ခွဲစိတ်ခဲ့သော ဆရာဝန်များ လောက်တစ်ကောင်ကိုသာ တွေ့ရှိကြရ စသည့်စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင်အချပ်ပို စာမျက်နှာများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၁၁-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၅ ၅။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၁၅ ၆။ **"အသက်ကလေးရယ်တဲ့ ရှည်စေလို" (ဦးအောင်လွင်၊ကြည်စိုး၊ မေထွဋ်ခေါင်၊ ငှက်ပျောကြော်၊ထင်ပေါ်၊ မျိုးမျိုးခိုင်၊ဒေါ်ခင်ခင်ကြီး) (ဒါရိုက်တာ-ကြည်စိုး)**
၈း၃၀ ၇။ International News.
၈း၄၀ ၈။ အကပြိုင်ပွဲ
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ နားဝင်ပီယံသူ့လက်သံ
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀ ၆။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၅း၀၀ ၇။ နှောင်းခေတ် တေးပဒေသာ
၅း၂၀ ၈။ ယုံကြည်အားထား စက်မှု(၁)ဆပ်ပြာများ
၅း၃၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၄၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၅။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "စူပါမင်းနှင့် မာနရှင်" (အပိုင်း-၁၀)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မြတ်နှလုံးသား ပိုင်ရှင်" (အပိုင်း-၄)**
၂၀။ အစီအစဉ်ပြီး၏။

# လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် United Nations Inter-Agency Project ( UNIAP) တို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။**

ဖွင့်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် INGO များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ရဲမှူးကြီး စစ်အေးက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ၃၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

## ယာဉ်မောင်းများလိုက်နာရန် သတိပေး နှိုးဆော်ချက်

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စားမောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီအရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

* ကျောဖုံးမှ

ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတစ်ဝန်းလုံး အနှစ်သာရရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မိမိဦးဆောင်သည့် ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄) ရပ်ဖြစ်သည့်-

**(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး**

**(ခ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး**

**(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး**

**(ဃ) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး**

ဦးတည်ချက်များကို ချမှတ်ပေးထားကြောင်း။

### နှစ်စဉ်ကျင်းပ

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် အသက် သွေး ချွေးပေါင်းများစွာ ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေး၏တန်ဖိုးကို မမေ့မလျော့ဘဲ မျိုးဆက်သစ်လူငယ်များ သိရှိနားလည်စေရန်နှင့် ထာဝစဉ်ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ဓာတ်များ ဖြစ်ထွန်းပေါ်ပေါက်နေစေရန်အတွက် ယခုကဲ့သို့ လွတ်လပ်ရေးနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း။

ယခု (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုလည်း ချမှတ်ပေးထားသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပသွားရန်လိုကြောင်း။

### စည်ကားသိုက်မြိုက်စွာကျင်းပ

ထို့ပြင် ယခု (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို ယခင်နှစ်များနည်းတူ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် ဖြစ်ကြောင်း။

တစ်ဖက်ကလည်း တည်ငြိမ်အေးချမ်းရေးနှင့် အေးချမ်းသာယာရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးမည့် ကြံစည်ကြိုးပမ်းမှုများရှိနေသည့်အတွက် လုံခြုံရေးကိုလည်း အထူးကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး လုပ်ငန်းများကို စနစ်တကျဖြင့် ပြီးမြောက်အောင်မြင်စေရန် မိမိတို့ ဆပ်ကော်မတီများအလိုက် ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း။

နေပြည်တော်ခရိုင်နေပြည်တော်ရှိ နေပြည်တော်၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်း လေးမြို့နယ်တွင်လည်း လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ရေး မှာကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြန်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အားကစား ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

## လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး

(ခ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့ အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့် အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# တင်းနစ်နည်းစနစ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

အိုလံပစ် စည်းလုံးညီညွတ်ရေး အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် တင်းနစ်နည်းစနစ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် သင်တန်းညွှန်ကြားရေးမှူး Mr. Kawaljeet Singh က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၃ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် တင်းနစ်နည်းစနစ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)




# မောင်းသူမဲ့ ရဟတ်ယာဉ်ဖြင့် မီးတောင်ပေါက်ကွဲမှုကို ဟောကိန်းထုတ်နိုင်

ဘာသာပြန်
စံစံ

**ရှက်ဖီး နိုဝင်ဘာ ၂၄**

ရေဒီယိုဖြင့် ထိန်းချုပ်သည့် ရဟတ်ယာဉ် အသေးစားလေးကို အသုံးပြုကာ မီးတောင်ပေါက်ကွဲမည့်အချိန်ကို ကြိုတင်ဟောကိန်းထုတ်နိုင်ရန် ဗြိတိန်နိုင်ငံရှိ ဘူမိ-ရူပဗေဒပညာရှင်များက ကြိုးပမ်းလျက်ရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

မီးတောင်တစ်လုံး မပေါက်ကွဲမီ ယင်းမီးတောင်က ကြိုတင်ထုတ်လွှတ်သော ဓာတ်ငွေ့များကို တိုင်းတာနိုင်ခြင်းဖြင့် မီးတောင်ပေါက်ကွဲမည့်အချိန်ကို ခန့်မှန်းနိုင်ရန် သိပ္ပံပညာရှင်များက ရေဒီယိုဖြင့်ထိန်းချုပ်သည့် ရဟတ်ယာဉ်ငယ် တစ်စင်းကို တီထွင်စမ်းသပ်လျက် ရှိသည်။

အဆိုပါ ရဟတ်ယာဉ်ငယ်မှာ အရုပ်ရဟတ်ယာဉ် တစ်စင်းနှင့် ပုံစံတူပြီး မောင်းသူမဲ့လေယာဉ် (ယူအေဗွီ) တည်ဆောက်ရေး နည်းပညာကို အခြေခံသည်။

မီးတောင် မပေါက်ကွဲမီ မီးတောင်၏ အလယ်ဗဟိုနေရာ၌ ကျောက်ရည်ပူများ လှုပ်ရှားလာလေ့ရှိသည်။ မီးတောင်စတင်လှုပ်ရှားမှုနှင့်အတူ မီးတောင်ထိပ်ဝမှ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့တိုးထွက်လာပြီး ကျောက်ရည်ပူများ အထက်သို့တက်ချိန်တွင် ဆာလ်ဖာဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ပါ ထွက်လာလေ့ရှိသည်။



**၂၀၀၇ခုနှစ် ဇန်နဝါရီက ကာရစ်ဘီယံဒေသ မောင့်ဆာရက်ကျွန်းပေါ်ရှိ မီးတောင်တစ်လုံး ပေါက်ကွဲနေသည်ကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

မီးတောင်မှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့နှင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့တို့ကို အတိအကျတိုင်းတာနိုင်ခြင်းဖြင့် မီးတောင်ပေါက်ကွဲမည့် အခြေအနေကို အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်နိုင်ကြောင်း ဗြိတိန်နိုင်ငံ ရှက်ဖီးတက္ကသိုလ်မှ ဘူမိ-ရူပဗေဒ ပညာရှင် အင်ဒရူး မက်ဂွန်နီဂယ်လ်က ပြောကြားသည်။

မီးတောင်၏ ဘေးအန္တရာယ်ကျရောက်နိုင်သော နယ်မြေအတွင်း ဓာတ်ငွေ့ထုတ်လွှတ်မှု တိုင်းတာရေးကိရိယာများကို ချထားကာ မီးတောင်လှုပ်ရှားမှုကို စောင့်ကြည့်နိုင်သော်လည်း မီးတောင်အနီးသို့ မီးတောင်ပညာရှင်များ ဝင်ရောက်ကာ ယင်းသို့ တိုင်းတာခြင်းမှာ အလွန်ပင် အသက်အန္တရာယ်ကြီးမားကြောင်း၊ ၁၉၉၃ ခုနှစ်က လှုပ်ရှားနေသည့် မီးတောင်တစ်လုံး၏ ဘေးအန္တရာယ်ကျရောက်နိုင်သော နယ်မြေအတွင်းသို့ ဝင်ရောက်ကာ ဓာတ်ငွေ့ထုတ်လွှတ်မှုကို တိုင်းတာသူ မီးတောင်ပညာရှင် ခြောက်ဦး သေဆုံးခဲ့ရကြောင်း၊ မောင်းသူမဲ့ ရဟတ်ယာဉ်ငယ်ဖြင့် ဓာတ်ငွေ့ထုတ်လွှတ်မှုကို တိုင်းတာနိုင်ခြင်းဖြင့် မီးတောင်ပညာရှင်များ ယင်းကဲ့သို့ သေဆုံးရသည့် ဖြစ်ရပ်များ ထပ်မံပေါ်ပေါက်တော့မည် မဟုတ်ကြောင်း အင်ဒရူးက ပြောကြားသည်။

***အင်တာနက်။***



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

**နဝမအကြိမ်**

**မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ**

**၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၂-၃)ရက်နေ့**

**နေပြည်တော်**

**တိုင်းရင်းဆေး ဘယကင်းဝေး ပြည်သူ့ကျန်းမာရေး**

**မြန်မာ့အမွေမှန် ဘိုးဘွားပညာဟန် တိုင်းရင်းဆေးညီလာခံ**

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် မြို့မဈေးသစ်ကြီးဖွင့်ပွဲတွင် ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)






## ❁ ကွမ်းခြံကုန်းမြို့မှ

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေထံသို့ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဆောက်လုပ်လှူဒါန်းပြီးသော မြို့မဈေးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့က မြို့မဈေးဖွင့်ပွဲအထိမ်းအမှတ်အလံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြို့မဈေးဖွင့်ပွဲဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့နှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည် ပက်ဖျန်းကြကာ ဈေးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

လေဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် မြို့မဈေးအား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဦးဆောင်ဦးရွက် ကမကထပြုလုပ်၍ အလှူရှင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ၂၀၀၈ ခုနှစ် ဇူလိုင် ၁၀ ရက်မှ စတင် ဆောက်လုပ်ပြီး နိုဝင်ဘာ ၂၂ ရက်တွင် အချောသပ်ပြီးစီးခဲ့သည်။ ဆိုင်ခန်းပေါင်း ၃၁၅ ခန်းပါရှိပြီး အမျိုးအစားမှာ သံကူကွန်ကရစ်ပိုင် အုတ်မြစ်၊ သံမဏိသံပေါင်တိုင်နှင့် အမိုးဒိုင်း၊ သွပ်မိုးဖြစ်ကာ တန်ဖိုးငွေ ၃၇၂၄ ဒသမ ၉၂ သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် ကမာကလွန်းရွာ တောင်သူဦးကျော်မြသန်းနှင့် Green Luck Trading Co., Ltd.တို့၏ အကျိုးတူ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း မိုးစပါးစံကွက်ရိတ်သိမ်းမှုအား ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ မန်နေဂျင်းဒါရိုက်တာဦးထွန်းမြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးကြသည်။

အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ လေဘေးဒဏ်ခံခဲ့ရသော တောင်သူများ၏ လယ်ယာလုပ်ငန်းသုံး ပစ္စည်းများ ပျက်စီးခဲ့ပြီး အရင်းအနှီးနည်းပါးသူများ ထဲမှ တောင်သူသုံးဦး၏ လယ်မြေ ၄၄ ဧကဖြင့် စတင် လုပ်ဆောင်ခဲ့သည်။ ကုမ္ပဏီမှလိုအပ်သည့် ဓာတ်မြေဩဇာ၊ မျိုးစပါး၊ ရေတင်ရန် ဒီဇယ်ဆီနှင့် စက်နှင့် ထွန်ယက်ရိတ်သိမ်းပေးသည်။

အကျိုးတူလုပ်ဆောင်မှုတွင် ခေတ်မီနည်းပညာဖြင့် စက်မှုလယ်ယာစနစ်ကို အသုံးပြုသည့်အတွက် ယခင် မိရိုး ဖလာ ကြဲပက်စိုက်ပျိုးသည့် စနစ်ထက် အထွက်နှုန်းပိုများပြီး အလေအလွင့် နည်းပါးကြောင်း သိရသည်။

ယခင် ကြဲပက်စိုက်ပျိုးသည့် တစ်ဧက အထွက်နှုန်းမှာ ၆၅ တင်းခန့်သာထွက်ရှိပြီး ယခုအကျိုးတူ စိုက်ပျိုးသည့် တစ်ဧကလျှင် တင်း ၁၀၀ ကျော်ခန့် ထွက်ရှိသည့်အတွက် ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ရွာ ခြောက်ရွာမှ အကျိုးတူ စိုက်ပျိုးလိုသည့် တောင်သူ ၁၆၀ ၏ ဧက ၁၀၀၀ ကို နွေစပါး စိုက်ပျိုးပေးသွားမည်ဖြစ်သည်။ ။

**ကွမ်းခြံကုန်းမြို့နယ် မြို့မဈေးဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။**



**Green Luck Co., Ltd. နှင့် တောင်သူအကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် မိုးစပါးစံကွက်၌ ကောက်ရိတ်စက်ဖြင့် စပါးရိတ်သိမ်းစဉ်။**



## မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၄**

"အိမ်ထောင်တစ်ခုမှာ ဘဝရဲ့ အသေးအဖွဲလေးတွေကို သတိပြုမိပါစေ" ဆောင်းပါး ပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၅၃)ကို ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ပဲဈေးကွက်အရှုပ်တော်ပုံ၊ ရွှေဝယ်စုဆောင်းသူ များပြားလာ၍ လက်လီဈေးကွက်အရောင်းသွက်၊ ပြည်ပပို့သစ်ဈေးနှုန်းများ မပြောင်းလဲ၊ ရန်ကုန်-မန္တလေး-တောင်ငူကား လေလံပွဲများကြောင့် ကားဈေးများကျလာ၊ ရန်ကုန်မြို့တွင်းပြေးဆွဲရန် City Bus ၁၉၂ စီး ရောက်ရှိ၊ အိုင်ဗင်ဟိုကုမ္ပဏီက ကြေးနီသတ္တုရှာဖွေရေး ပြန်လည်စတင်၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းက မြန်မာ့ကဏန်းပို့ကုန်ကို မထိခိုက်၊ မဖွယ်မရာ အမျိုးသမီးပုံကို အင်တာနက်ပို့၍ အရေးယူခဲ့၊ သမီးရည်းစားချိန်းတွေ့စဉ် မိုက်ကြေးခွဲတောင်းသူများ၊ နယ်စပ်မြို့များ ဆန်ဈေးတည်ငြိမ်ရေးဆောင်ရွက်နေ၊ အဝေးပြေးကုန်တင်ယာဉ်များမှ ပစ္စည်းခိုးယူသူများကို သက်သေခံပစ္စည်းများဖြင့် ဖမ်းဆီးရမိ၊ ဆရာကိုင်ရိုလေး၏ လေးနှင့် ရှစ်ဂဏန်းများ ဆုံသောအခါ၊ လေကြောင်းမြို့တော်ကိုရီးယားဇာတ်လမ်းတွဲ၊ ပြည်တွင်း၌ ဂျပန်မော်တော်ကားများ ပိုမိုထုတ်လုပ်တော့မည်၊ မြန်မာနိုင်ငံဆေးနှင့် ဆေးကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ဆေးဝါးဈေးနှုန်း ကျဆင်းရေးအတွက် ထိန်းသိမ်းရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်၊ ပါမောက္ခဒေါက်တာမြသိန်းဟန်၏ အသွယ်သွယ်အမျိုးမျိုး ကင်ဆာရောဂါဆိုး၊ ဒေါက်တာဦးစိုးလွင်၏ လိမ္မာယဉ်ကျေးတပည့်လေးများ၊ ရဲယိုတစ်လီတာ ခြောက်ဒေါ်လာပေါက်ဈေးရှိ၊ ဘက်ထရီ ရှော့တိုက်ငါးဖမ်းသူများကို ဖမ်းဆီးရမိရန်သတင်းပေးသူအား ဆုငွေတစ်သိန်းချီးမြှင့်ခဲ့၊ နီပေါဗုဒ္ဓလူငယ်တရားကျင့်ရန် တောတွင်းပြန်ဝင်သွားပြီ၊ အီရန်ကိုတိုက်ခိုက်ရေးအတွက် အဆင်သင့်ဖြစ်ပုံကို အစ္စရေးလေတပ်ပြသခဲ့၊ အီရန်-အစ္စရေးသူလျှိုအား ကြိုးပေးစီရင်ခဲ့၊ အီရန်-အစ္စရေးစစ်ပွဲအား အစ္စရေးကမီးစိမ်းပြနေ၊ ဘီလာရုစ်က အမေရိကန်မှ ဒုံးကျည်ကို တန်ပြန်ရေး ရုရှားလက်နက်များချထားရန်လိုလား စသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

# ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ (၃၅)ကြိမ်မြောက် အထူးညီလာခံသို့ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၄

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ အီတလီသမ္မတနိုင်ငံ ရောမမြို့၌ ကျင်းပသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ (၃၅)ကြိမ်မြောက် အထူးညီလာခံသို့ တက်ရောက်ပြီး ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအားဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်တွင် ရောမမြို့ FAO ဌာနချုပ်၌ကျင်းပသည့် (၃၅) ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အထူးညီလာခံသို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၉ နိုင်ငံမှ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးအဆင့် ပုဂ္ဂိုလ်များနှင့်အတူ တက်ရောက်သည်။

ညီလာခံတွင် FAO ညွှန်ကြားရေးမှူးချုပ် Dr. Jaeques Diouf က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ညီလာခံကိုဖွင့်လှစ်ပေးပြီး သဘာပတိအဖြစ် ဖင်လန်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာနဝန်ကြီး H.E. Mauri Pekkarinem က ဆောင်ရွက်၍ ဒုတိယသဘာပတိများအဖြစ်ပနားမားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး၊ ဆူဒန်နိုင်ငံစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီးနှင့် အမေရိကန်ပြည်ထောင်စု FAO ဆိုင်ရာ ဒုတိယအမြဲတမ်း ကိုယ်စားလှယ်တို့က ဆောင်ရွက်ကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား အီတလီသမ္မတနိုင်ငံ အခြေစိုက် FOCSIV-INGO အဖွဲ့မှ ဒါရိုက်တာ Mr. Alberto Zamberletti သည် ညနေ၆နာရီခွဲတွင် ရောမမြို့ Hotel Mediterraneo ၌ လာရောက်တွေ့ဆုံ၍ FOCSIV နှင့် ပူးပေါင်းဆောင်ရွက်နေသော မြန်မာနိုင်ငံ တောင်ကြီး၊ ကျိုင်းတုံနှင့် တာချီလိတ်ဒေသများရှိ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ဘိုကလေးနှင့် လပွတ္တာတို့၌ ဆောင်ရွက်နေသော Shelter တည်ဆောက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(၃၅)ကြိမ်မြောက် FAO အထူးညီလာခံကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပရာFAO ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးကိစ္စရပ်များ ပါဝင်သော အစီရင်ခံစာကို ဖတ်ကြားပြီး FAO ၏ Conference Committee ဥက္ကဋ္ဌနှင့် FAO ကောင်စီဥက္ကဋ္ဌ Mr. Noori Naeimi က ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆောင်ရွက်မည့် FAO အဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအစီအစဉ် အဆိုပြုချက် (Immediate Plan of Action for FAO Renewal)ကို ဖတ်ကြားတင်ပြရာ ညီလာခံမှ အတည်ပြု ချမှတ်ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ည ၇ နာရီတွင် FAO ဌာနချုပ်၌ FAO ညွှန်ကြားရေးမှူးချုပ်အား တွေ့ဆုံ၍ FAO အဖွဲ့မှ မုန်တိုင်းသင့်ဒေသများ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီပေးမှုများနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ရေရှားသည့်ဒေသများ၌ စိုက်ပျိုးရေးအတွက် ဆည်ငယ်ကန်ငယ်များ တည်ဆောက်မှုနှင့် မြေအောက်ရေ ထုတ်ယူအသုံးပြုမှုလုပ်ငန်းများတွင် အကူအညီပေးမှုများကို ဆွေးနွေးကြသည်။

ယင်းနောက် (၃၅)ကြိမ်မြောက် FAO အထူးညီလာခံကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် နံနက် ၁၀ နာရီတွင် FAO ဌာနချုပ်၌ FAO ဌာနချုပ် စီမံကိန်း အကူအညီပေးရေးဌာနခွဲ အကြီးအကဲ Dr. Roberto Samanez နှင့်တွေ့ဆုံ၍ အီးယူနိုင်ငံများမှ မြန်မာနိုင်ငံသို့ စားနပ်ရိက္ခာ ထုတ်လုပ်မှု တိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးမှုများကို ဆွေးနွေးပြီး ညနေ ၄ နာရီတွင် ရောမမြို့ IFAD ဌာနချုပ်၌ IFAD အဖွဲ့ဒုတိယဥက္ကဋ္ဌ Mr. Kanay Nwanze နှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုဆွေးနွေးကြသည်။

မြန်မာ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် WFP ဌာနချုပ်၌ WFP အဖွဲ့ ဒုတိယအမှုဆောင်ဒါရိုက်တာ Mr. John Powell နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၅-၁၁-၂၀၀၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၁၅ | ၄။ | ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၂၅ | ၅။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄း၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၀၀ | ၇။ | မျိုးချစ်တပ်မတော် |
| ၅း၂၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၃၀ | ၉။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၅၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၃၅ | ၁၅။ | ကလေးတို့ကမ္ဘာ |
| ၇း၀၀ | ၁၆။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မင်းသမီးရဲ့နေ့စဉ် မှတ်တမ်း (အပိုင်း-၁၄)** |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၁၉) |
| | ၂၁။ | မွေးမြူသုတ |
| | ၂၂။ | ဗီစီဒီကျော်ကြားတေးများ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - လေကြောင်းမြို့တော် (အပိုင်း-၁၇)** |
| | ၂၅။ | သင့်အတွက်မနက်ဖြန် |
| | ၂၆။ | အပိတ်နှုတ်ဆက်စကား |
| | ၂၇။ | ပြီးပါပြီ။ |

## Falcon Super Lubricants 2008 Promotion အောင်ပွဲနှင့်ထုပ်ပိုးမှုပုံစံသစ် မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဟန်မြန်မာ ကုမ္ပဏီလီမိတက်နှင့် Falcon Super Lubricants တို့က ကြီးမှူး ကျင်းပသည့် 2008 Promotion အောင်ပွဲနှင့် Switch Packaging ထုပ်ပိုးမှုပုံစံသစ် မိတ်ဆက်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

အခမ်းအနားသို့ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဟန်မြန်မာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ရောင်းအားအကောင်းဆုံးဆုရ အရောင်းကိုယ်စားလှယ်ကြီးများအား ကုမ္ပဏီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

### ကံစမ်းမဲဖွင့်

ဆက်လက်ပြီး အရောင်းကိုယ်စားလှယ်ကြီးများအား ရောင်းအားအလိုက်ရရှိမည့် ဗလာမပါ ကံစမ်းမဲများကို ဖွင့်ဖောက်ပေးပြီး ဟန်မြန်မာကုမ္ပဏီလီမိတက် မန်နေဂျာ ဦးစန်းဌေးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နိုဝင်ဘာ ၁၅ ရက်က အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) ဥက္ကဋ္ဌဒေါက်တာကြည်ဖေ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးဒေါက်တာခိုင်စိုးဝင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ လက်ထောက်ဌာနေ ကိုယ်စားလှယ် ဒေါက်တာနေဝင်းတို့ ဧရာဝတီတိုင်း HIV / AIDS ဗဟုသုတ ပညာပေးပွဲတော်ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း သတ္တမအကြိမ် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူကနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားသည်။ ယင်းနောက် အသင်းအတွင်းရေးမှူး ဦးဇော်မိုးခိုင်က ၂၀၀၇-၂၀၀၈ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက် ရယူသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန ညွှန်ကြားရေးမှူးဒေါက်တာကျော်လင်း၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဒုတိယတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန္ဒာတို့က လေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင် ၅၃ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးအတွက် အလှူငွေများ ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင် ၄၆ ဦးအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက်အသင်းဥက္ကဋ္ဌဒေါက်တာဝင်းစည်သူက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့သည့် အလှူရှင်များအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်း ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

(ကုန်သည်/စက်မှု)



### ဆုချီးမြှင့်

**Falcon Super Lubricants 2008 Promotion အောင်ပွဲနှင့် ထုပ်ပိုးမှုပုံစံသစ် မိတ်ဆက်ပွဲတွင် ရောင်းအားအကောင်းဆုံးဆုရ အရောင်းကိုယ်စားလှယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စက်မှုဖွံ့ဖြိုးရေးညီလာခံသို့ ဝန်ကြီး ဦးအောင်သောင်း တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပသည့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ၏ စက်မှုဖွံ့ဖြိုးရေးညီလာခံသို့ တက်ရောက်ရန် အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ ရောက်ရှိပြီး ဆိုခအန်ကော ဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံ စက်မှုနှင့် စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာချမ်းပရာဒစ်ရှ်နှင့် အဖွဲ့ဝင်များနှင့် အလွတ်သဘော ဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ၏ စက်မှုဖွံ့ဖြိုးရေးညီလာခံဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်တွင် ဆိုခအန်ကောဟိုတယ်၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ UNIDO မှ ညွှန်ကြားရေးမှူးချုပ်၊ WTO မှ ညွှန်ကြားရေးမှူးချုပ်၊ ဒေသဆိုင်ရာ အကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဖရိက ဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၄၉ နိုင်ငံအနက် ၄၃ နိုင်ငံတို့မှ ဝန်ကြီးအဆင့်နှင့် ကိုယ်စားလှယ်များနှင့် အေဂျင်စီများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် တက်ရောက်လာကြသည့် ဝန်ကြီးများနှင့် ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာကို ဆွေးနွေးတင်ပြခဲ့ပြီး အလှူရှင်နိုင်ငံများက အာမခံရန်ပုံငွေ အကြောင်းကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးက အစုအဖွဲ့အဖွဲ့ဝင်အဖြစ် ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် စီးပွားရေးပိတ်ဆို့မှုများကြောင့် ကုန်သွယ်မှုအကူအညီ ကန့်သတ်မှုခံခဲ့ရသဖြင့် ငွေကြေးစီးဆင်းမှု၊ ဆက်သွယ်မှုပမာဏ လျော့ကျခဲ့ရကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် ငွေကြေး အကျပ်အတည်းတွင် ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ ကြီးမားသော ရိုက်ခတ်မှုများ တွေ့ကြုံခံစားရခြင်း မရှိပါကြောင်း၊ ယခုဆွေးနွေးခဲ့ကြသော အဖွဲ့အစည်းအသီးသီး၊ နိုင်ငံအသီးသီးတို့မှ ဆွေးနွေးချက်များသည် ကောင်းမွန်ပါကြောင်း၊ သို့ပါ၍ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေး အသွင်ကူးပြောင်းမှုတို့ကို နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် လျှောက်လှမ်းခဲ့ရာ လာမည့်နှစ် အနည်းငယ်အတွင်း စည်းကမ်းတကျ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိတော့မည်ဖြစ်ကြောင်း၊ သို့ပါ၍ ယခုကပင် အပြုသဘောဆောင်သည့် အကောင်းမြင်ဖြင့် ရှုမြင်သုံးသပ်စေလိုပါကြောင်း၊ သို့ဆိုလျှင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံချင်းဆီက ကုန်သွယ်မှု အခွင့်အလမ်းနှင့် အထောက်အကူပေးမှုများသည် အခွန်ကင်းလွတ်ခွင့်နှင့်အရေအတွက် ကန့်သတ်မှုကင်းလွတ်ခွင့် (Duty Free, Quota Free) တို့ကို ထိရောက်သော အကျိုးဖြစ်စေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးကဏ္ဍထူထောင်မှုသည် အခြားနိုင်ငံများနည်းတူမြန်မာနိုင်ငံ၏ အခြေခံဦးတည်ချက်ပင်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ အစိုးရက တည်ခင်းသော ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပရာ AFT/EIF ဘဏ္ဍာရေး အလှူရှင်များ၊ WTO, OECD, EC, DFID နှင့် SIDA စသည့် အဖွဲ့အစည်းများ၊ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အစုအဖွဲ့-ဖွဲ့၍ အလွတ်သဘော ဆွေးနွေးကြသည်။

ထို့နောက် ဒေသဆိုင်ရာ ဦးဆောင်သူများနှင့် ဒေသဆိုင်ရာဘဏ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဖရိကဖွံ့ဖြိုးရေးဘဏ်နှင့်ဒေသဆိုင်ရာ ကော်မရှင်များဖြစ်သည့် UNECA, ESCAP တို့က ဆွေးနွေးတင်ပြကြသည်။

အဆိုပါညီလာခံတွင် အဖွဲ့ဝင်အသီးသီး၏ ဆွေးနွေးမှုများမှာ အမေရိကကို ဗဟိုပြုသော စီးပွားရေးကပ်ရောဂါသည် ယခုအခါ တစ်ကမ္ဘာလုံး ပျံ့နှံ့လျက်ရှိပါကြောင်းနှင့် ယင်းရောဂါကို ကုစားရန် အချိန်ကာလ တစ်ခုအထိ ရောက်ရှိမည်ဖြစ်ကြောင်း၊ ယင်းကာလကို ကြံ့ကြံ့ခံကျော်ဖြတ်ရမည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများသို့ ထောက်ပံ့မှု ပိုမိုပေးကမ်းရန်နှင့် စီးပွားရေးဈေးကွက် ဖွင့်ပေးရန်လိုကြောင်း၊ ငွေကြေး အကျပ်အတည်းကြောင့် ဈေးကွက်တည်ဆောက်မှု ပျက်ပြားခြင်းကို ပြန်လည်ထိန်းချုပ်ပေးရန်လိုကြောင်း၊ တီရစ္ဆာန်ကပ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးများ ကူညီရန်နှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် တိုင်းပြည်တစ်ခုချင်း ဖြေရှင်းရမည်ဖြစ်သော်လည်း ထောက်ပံ့ကူညီပေးရန်လိုကြောင်း၊ ကုန်သွယ်မှုအကူအညီ (AFT) ကို နားလည်သဘောပေါက်သော်လည်း ပူးပေါင်းမှုဘောင်တိုးချဲ့ရေး (EIF) ကို ကူညီပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍတိုးမြှင့်နိုင်ရေးကို နိုင်ငံအစိုးရများက ပံ့ပိုးပေးရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ သင်တန်းများစေလွှတ်ခြင်း၊ လုပ်ငန်းခွင်လေ့ကျင့်မှု ပေးခြင်းများ ဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

အစုအဖွဲ့ ဆွေးနွေးပွဲများတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ယမန်နှစ်က လယ်ယာကဏ္ဍထုတ်လုပ်မှုတွင် ပြည်တွင်းလိုအပ်ချက်၏ ၁၄၆ ရာခိုင်နှုန်းခန့် ထုတ်လုပ်ခဲ့ကြောင်း၊ ယခုနှစ်ထုတ်လုပ်မှုမှာ ရာခိုင်နှုန်း ၁၅၀ အထက် ဖြစ်ပါကြောင်း၊ ကမ္ဘာ့ငွေကြေးပြဿနာကြောင့် ပို့ကုန်များ အခြားနိုင်ငံများနည်းတူ ကျဆင်းခဲ့ပါကြောင်း၊ သို့ရာတွင် လိုအပ်နေသည့်နိုင်ငံများရှိရာ ADB သို့မဟုတ် အခြားအေဂျင်စီများနှင့် ညှိနှိုင်း၍ လိုအပ်ချက်နှင့် ထုတ်လုပ်မှုကွာဟချက်ကို လျှော့ပါးစေရန် စီစဉ်ပေးသင့်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆီရမ်ရိကြေညာစာတမ်းကို အတည်ပြုပြီး ညီလာခံကို မွန်းလွဲပိုင်းတွင် ပိတ်သိမ်းလိုက်သည်။ ညနေပိုင်းတွင် UNIDO နှင့် WTO တို့က သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

ညနေပိုင်းတွင် UNIDO ကတည်ခင်းသော ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၁ ရက်တွင် အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှု ဘုရားကျောင်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

(သတင်းစဉ်)

## တောင်ငူဂျီတီအိုင် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၄**

တောင်ငူဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂နာရီထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံ ရွှေဘဲစားတော်ဆက်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုနိုင်မင်းသူ ဖုန်း - ၀၉-၅၀၅၉၉၈၇၉၊ ကိုကျော်လင်းသန့် ဖုန်း-၀၉-၅၁၆၅၄၉၀၊ ကိုအေးကို ဖုန်း-၀၉-၅၁၃၀၆၁၅၊ ကိုမြင့်နိုင် ဖုန်း-၀၉-၅၁၁၄၂၆၂၊ ကိုနေမျိုး ဖုန်း-၀၉-၅၀၀၆၃၁၄၊ ကိုအောင်ကျော်နိုင် ဖုန်း-၀၉-၅၁၉၅၁၉၄၊ကိုတင်အောင်သန်း ဖုန်း-၀၉-၅၁၂၂၀၁၆၊ မခင်မာလာထွန်း ဖုန်း-၀၁-၂၄၈၁၁၂(Ext;)၂၇၄၊ မအေးအေးသိန်း ဖုန်း-၀၉-၅၁၃၈၁၈၇၊ မတင်တင်မိုး ဖုန်း- ၀၉-၅၀၇၂၆၃၃ နှင့်ကိုထွန်းမြင့် ဖုန်း-၀၆၇-၄၁၄၃၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## (၈၈)နှစ်မြောက် အမျိုးသားနေ့ YMBA အသင်း၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ YMBA အသင်းခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်သာသနာရေးဦးစီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ YMBA အသင်း နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာကံညွန့်နှင့် အမှုဆောင်များ၊အသင်းဝင်များ၊ဧည့်သည်များ တက်ရောက်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားပြီး YMBA အသင်းနာယက ဦးခင်မောင်ထွေး (ဆိပ်ကမ်း) က YMBA အသင်း ဆောင်ရွက်ခဲ့သည့် အမျိုးသားရေး လုပ်ငန်းများကို လည်းကောင်း၊ အသင်း ဥက္ကဋ္ဌ ဒေါက်တာကံညွန့်က အမျိုးသားရေးနှင့် YMBA အသင်းတို့ အဆက်မပြတ်ဆောင်ရွက်ခဲ့ပုံများ အကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

### ပေးအပ်

ဆက်လက်၍ YMBA အသင်းသို့ အလှူငွေပေးအပ်ပွဲ ကျင်းပရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ငွေကျပ်နှစ်သိန်းကို YMBA အသင်း ဥက္ကဋ္ဌ ဒေါက်တာကံညွန့်သို့ ပေးအပ်သည်။

(၂၃)





## ဝါဏိဇ္ဇဘွဲ့ရများအသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) (CGA) အသင်းကြီးက ကြီးမှူး၍ (၂၉)ကြိမ်မြောက် စီးပွားရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို နိုဝင်ဘာ ၂၉ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် (Myanmar Info-Tech) အခန်း (၂၀၅)၌ ကျင်းပမည်ဖြစ်ရာ စာရေးဆရာကြီး မောင်စူးစမ်းက (Charac teristics of Global Dapression) "ကမ္ဘာ့စီးပွားပျက်ကပ်များ၏ ဝိသေသများ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်း သိရှိရသည်။

စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ရုံးအဖွဲ့မှူး ဦးဘဝင်း ဖုန်း-၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးမိုးကျော်၊ ဖုန်း-၀၉-၅၁၅၄၅၇၄၊ တွဲဖက်အတွင်းရေးမှူး ဒေါ်အေးသီတာ ဖုန်း-၀၉-၅၀၀၀၇၅၂ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## မြန်မာ့နဝရတ် သမဝါယမအသင်း၏ စက္ခုဒါန အလင်းအလှူ

သတင်းမှတ်စု
ငွေးအောင်(ကြေးမုံ)

ယနေ့ မြန်မာနိုင်ငံသည် အေးချမ်းသာယာသည်။ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အောင်မြင်မှုများရရှိနေသည်။ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့အသီးသီးတို့သည် နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ နိုင်ငံအကျိုးပြုလုပ်ငန်းများကို တတ်စွမ်းသလောက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်နေကြသည်ကိုလည်း နေ့စဉ်ကြားသိနေရသည်။ နိုင်ငံတော်အား ပံ့ပိုးကူညီမှုအပိုင်းတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအစုံစုံ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍစုံတွင် စေတနာအလှူရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များကလည်း ပူးပေါင်းဝင်ရောက်ပါဝင်လျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သမားတော်ကြီးများ၊ ပါမောက္ခကြီးများနှင့် ဆရာဝန်တို့သည် နီးစပ်ရာ လက်တွဲဖော် စေတနာအလှူရှင်များနှင့် ပူးပေါင်းကာ လက်တွေ့ကွင်းဆင်း ကုသရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့နေရသည်။

ယခု မြန်မာ့နဝရတ် သမဝါယမအသင်းမှ စက္ခုဒါန အလင်းအလှူပွဲကို အောက်တိုဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာတွင် အခြေပြု၍ မျက်စိဝေဒနာရှင်များကို ကုသပေးခဲ့ကြောင်းသိရှိရ၍ အသင်း၏ဒါရိုက်တာ အဖွဲ့ဝင် ဦးစည်သူဆွေအား တွေ့ဆုံ၍ မေးမြန်းခဲ့ရာတွင် မြန်မာ့နဝရတ်သမဝါယမအသင်းကို ၁၉၉၈ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဒါရိုက်တာအဖွဲ့ဝင် ၁၁ ဦး ပါဝင်ခဲ့ကြောင်း၊ စက္ခုဒါနအလင်းအလှူပွဲများကို ၁၉၉၈ ခုနှစ် အသင်းတည်ထောင်စဉ်က အဘိုး၊ အဘွားများအား မျက်စိစမ်းသပ် စစ်ဆေးကုသမှုများပေးပြီး၊ ခွဲစိတ်ခြင်း၊ မျက်မှန်တပ်ဆင်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကာ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ ခုနှစ် စုစုပေါင်းလေးကြိမ်ရှိပြီး ယခု မှော်ဘီမြို့နယ်သို့ ကွင်းဆင်းကုသမှုအပိုင်းတွင် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုသန့် ခေါင်းဆောင်သောအဖွဲ့နှင့် မျက်မှန်တပ်ဆင်ပေးခြင်း အပိုင်းတွင် အသင်းမှဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုပေးခဲ့ကြောင်း၊ တစ်ရက်လျှင် မျက်စိဝေဒနာရှင် ၇၀ မှ ၈၀ အထိ အလှူဒါနပြုခဲ့ကြောင်း၊နောင်ကာလများတွင်လည်း အသင်း၏ ဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလို မျက်စိဝေဒနာရှင်များအား စက္ခုဒါန အလင်းအလှူပွဲများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း ရှင်းပြ၍ များစွာပီတိဖြစ်ရသည်။




မျက်မှန်တပ်ဆင်ရန် လိုအပ်သောသူများအား စစ်ဆေးမှုပြုလုပ်ပေးစဉ်။

ထိုသို့ လူတစ်ဦးတစ်ယောက်၏ အမြင်အာရုံ ပြန်လည်ရရှိရေးအတွက် နိုင်စွမ်းသမျှ အလင်းအလှူပေးသူများကို ကျေးဇူးတင်မိသလို စေတနာရှင်၊ အလှူရှင်များက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုဆောင်ရွက်မှု ပြုလုပ်လာပါက နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်တစ်ရပ်တွင် များစွာအထောက်အကူပြုလာမည်ဖြစ်သည်။ ။





# လွတ်လပ်ရေး၏တန်ဖိုးကို မမေ့မလျော့ဘဲ မျိုးဆက်သစ်လူငယ်များ သိရှိနားလည်စေရန်နှင့် ထာဝစဉ် ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ပေါ်ပေါက်နေစေရန် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခြင်းဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၄

**၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တက်ရောက် ဆွေးနွေးမှာကြားသည်။**

အဆိုပါ အစည်းအဝေးသို့ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

**(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်း အဝေးတွင် ဆွေးနွေးမှာကြားစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကွမ်းခြံကုန်းမြို့ မြို့မဈေးသစ်ကြီး ပြန်လည်တည်ဆောက်ဖွင့်လှစ် အကျိုးတူ လယ်ယာလုပ်ငန်းမှ မိုးစပါးရိတ်သိမ်းပြီး နွေစပါးထွန်ယက်

မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာတွင် ကုမ္ပဏီများနှင့် စေတနာရှင်များကလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့တွင် အေးရှားဝေါလ်မှ ဆောက်လုပ်လှူဒါန်းသည့် မြို့မဈေးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ ဖွင့်ပွဲသို့ ကွမ်းခြံကုန်းမြို့နယ် နယ်မြေတာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ အလှူရှင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ရှေးဦးစွာ အလှူရှင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က မြို့မဈေး ဆောက်လုပ်လှူဒါန်းခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မဈေးကြီး ဈေးသူဈေးသားများကိုယ်စား ဈေးမိဈေးဖဖြစ်သူ ဦးစံရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**

**အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးများ**(အပေါ်ပုံ)**နှင့် Green Luck Co., Ltd. နှင့် တောင်သူလယ်သမားများ အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ နွေစပါး စိုက်ပျိုးရန် လယ်ယာလုပ်ငန်းသုံး ထွန်စက်ဖြင့် ထွန်ယက်စဉ်။** (ယာပုံ)



## အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုဝင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ၁၅ နာရီ ၃၅ မိနစ် ၁၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၈၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (ရုရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သတင်းမှတ်စုနှင့် ဓာတ်ပုံ

စိုးညွန့်(ကြေးမုံ)